# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ◆*




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

### လမ်းဘေးဝဲယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေးဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ ရေထွက်ပေါက်များမှ ရေများ အလွယ်တကူစီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်သွားရန် မှာကြား

◆ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန် - ပုသိမ်လမ်းမ တစ်လျှောက် လမ်းဘေးဝဲယာ၌ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများအဆင့်မြှင့်တင်မှုနှင့် လူသွားစင်္ကြံ တည်ဆောက်လျက်ရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေး ဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများပိတ်ဆို့မှုမရှိစေရေး၊ ရေထွက်ပေါက်များမှ ရေများအလွယ်တကူ စီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းလမ်းတစ်လျှောက်နှင့် ရွှေပြည်သာမြို့နယ် အမှတ် ၄ လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မော်တော်ကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

## လယ်ဝေးမြို့နယ်၌ ရာသီပြည့်သီးနှံစိုက်ဧရိယာ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သမိုင်းဝင်ဖောင်တော်ချက်မ စေတီတော်မြတ်ကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အလှူရှင်များအနေဖြင့် သမိုင်းဝင် ဖောင်တော်ချက်မ ဘုရားကြီး ပြန်လည် ပြုပြင်ရန်အတွက် တတိယအကြိမ်မြောက် လှူဒါန်းသည့်အတွက် ဝမ်းမြောက်ကြောင်း မုဒိတာစကား ပြောကြားသည်။ ထို့နောက်အလှူရှင် ဦးအောင်ပြည့်စုံမိသားစုတို့က သမိုင်းဝင် ဖောင်တော်ချက်မ ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၅၈၃ သိန်း လှူဒါန်းရာ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍အလှူရှင်မိသားစုက လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအားကစားကွင်း အဆင့်မြှင့်တင်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဆရာကြီးဦးကံညွန့်က လက်ခံရယူသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရ၊ အဖွဲ့ဝင် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း ရာသီပြည့်သီးနှံ စိုက်ပျိုးဧရိယာဖြစ်သည့် ချောင်းမငယ်ရေသောက် မိုးစပါး(နံ့ကောက်) စိုက်ပျိုးထားသည့် ခရမ်းကိုင်းကျေးရွာ ကွင်းအမှတ် ၁၈၂၃၊ တောင်သူ ဦးကျော်သောင်း၏ စိုက်ကေ ခြောက်ဧက စိုက်ခင်းအား ကွင်းဆင်းကြည့်ရှု၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ သီးထပ်စွမ်းအား မြင့်မားရေးအတွက် တောင်သူများနှင့်တွေ့ဆုံဆွေးနွေး ကာ သွင်းအားစုများပေးအပ်သည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်များသည် ကွင်း အမှတ် ၁၈၂၃၊ တောင်သူ ဦးဇော်ရဲ၏ နှွေစပါးနံ့ကောက် စိုက်ဧက ၂၃ ဧကတွင် စက်ကိရိယာဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုအား ကြည့်ရှုအားပေးရာ တစ်ဧက(အစို) တင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံးအနောက်ဘက်ရှိ ငလိုက်ရာဘာရေလှောင်ဆည်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ဒုတိယဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများနှင့်အတူ ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို ငလိုက်ရာဘာရေလှောင်ဆည်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ ၁၁၀၀၀ ကို စားနပ်ရိက္ခာပေါကြွယ်ဝရေး၊ ရေသယံဇာတများ ထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေး စသည့်ရည်ရွယ်ချက်များဖြင့် ငလိုက်ရာဘာရေလှောင်ဆည်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ငါးသိုင်းချောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့်သရုပ်ပြဆောင်ရွက်

**ငါးသိုင်းချောင်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ရေကြည်မြို့နယ်မီးသတ်ဦးစီးမှူး၏ ညွှန်ကြားမှုဖြင့် မြို့မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ငါးသိုင်းချောင်းမြို့ အ.လ.က (ခွဲ) မြို့သစ်ကျောင်း၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် အ.လ.က (ခွဲ) မြို့သစ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်ကြိုင်က အမှာစကားပြောကြားပြီး ငါးသိုင်းချောင်းမြို့ နယ်မြေမီးသတ်ဦးစီးဌာနမှ မြို့မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်က ကျောင်းသားကျောင်းသူများအား အသက်ကယ်ဝတ်စုံ Lijack ဝတ်ဆင်ပုံနှင့် မိမိတို့နေအိမ်များတွင် အလွယ်တကူရရှိနိုင်သည့် ရေသန့်ဘူးများ၊ ရေပုံးများနှင့် အသက်ကယ်ဝတ်စုံ ပြုလုပ်နိုင်သည့်အကြောင်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံနှင့် ရေသန့်ဘူးများ၊ ရေပုံးများဖြင့် အသက်ကယ်ဝတ်စုံ ပြုလုပ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ငါးသိုင်းချောင်း(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာ ပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခု ဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာ နေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံ ကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွားချ၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

## ဇူလိုင်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၉ ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ပေခွဲမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခွဲမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁၆၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ထို့နောက် ပန်းခင်းစီမံချက်ဖြင့် ထုတ်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ် ၁၂၁ ကတ်အား မြို့နယ်လဝကဦးစီးမှူး ဦးအေးကျော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် UID ကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။(ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသနိုင်မည့် အခြေအနေနှင့် ရိုက်ကူးထုတ်လုပ်ရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ်အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ညှိနှိုင်းပေါင်းစပ်၍ အားလုံးအဆင်ပြေစေမည့် ရုံတင်ပြသမှုစနစ် ပေါ်ပေါက်လာအောင်ဆောင်ရွက်ရန် လိုအပ်နေမှု အခြေအနေကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ရုပ်ရှင်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် "ရုပ်ရှင်မြို့တော်စီမံကိန်း" အတွက် စိတ်ဝင်စားမှု အဆိုပြုလွှာပေးအပ်ထားသည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ရုပ်ရှင်မြို့တော်စီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အနုပညာကို အခြေခံသည့် လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရန်နှင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ရတနာတန်းဝင် ကျွန်းပင်ကို စတင်စိုက်ပျိုးပေးပြီး(ဝဲပုံ) တက်ရောက်လာကြသူများက ကျွန်းပင် ၈၅၀၊ မန်ကျည်းပင် ၁၅၀၊ စိန်ပန်းပင် ၂၅၀၊ ဆိုက်ပရက်ပင် ၂၀၀၊ မဟော်ဂနီပင် ၅၀ စုစုပေါင်း ပျိုးပင် ၁၅၀၀ ကို စိုက်ပျိုးရမည့် သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တက္ကသိုလ်ရှိ သင်တန်းသားသင်တန်းသူများ စားသောက်ရေးအတွက် သင်တန်းရိက္ခာ ဆန်နှင့်ဆီ သိုလှောင်ထားရှိမှု၊ သင်တန်းဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ်မှ သင်တန်းရိက္ခာအတွက် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုနှင့် သင်တန်း အိပ်ဆောင်များအလိုက် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းဘဲတန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု လူငယ်စကားဝိုင်းကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဧကရီခန်းမ၌ ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။



ဦးစွာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်က အမှာစကားပြောကြားပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-10 ကျောင်းသူ မအိမ့်ကြယ်စင်က လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မလှလှစန်းက လူငယ်နှင့်ကိုယ်ကျင့်တရား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ နန့်ဒရှူဘယ်ရီလင်းက လူငယ်နှင့်စည်းကမ်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မစန္ဒြာအေးထွန်းက လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မခင်နှင်းဝေက လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-12 ကျောင်းသူ မနှင်းနုရည်က လူငယ်နှင့် နည်းပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဝတီ၊ စစ်တောင်းနှင့် ငဝန်မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဟသ်ာတမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**



# မြောင်းမြမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေး

**မြောင်းမြ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ယမန်နေ့က မြောင်းမြခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် ဦးစီးအရာရှိ ဦးဇော်မင်းဦးဆောင်သော ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက UPT & SON စက်သုံးဆီဆိုင်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးသတိရှိစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# ထေရဝါဒ ဗုဒ္ဓသာသနာ တည်တံ့ထွန်းကားပြန့်ပွားရေး(၆)

ကေကေ(မဟာဝိဇ္ဇာ)

ထေရဝါဒရဟန်းတို့သည် ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူပို့ချဟောပြောသော ဂန္ထဓုရတာဝန်နှင့် သမထ၊ ဝိပဿနာတရားများကို ပွားများအားထုတ်သော ဝိပဿနာဓုရ တာဝန်တို့ကို ထမ်းဆောင်ကြရသည်။ ဘုရားရှင်လက်ထက်တော်က ရှိခဲ့သော ဓုရနှစ်ပါးသည် သံဃာ့အလုပ် အနှစ်ချုပ် ဖြစ်သည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပေါ်ပေါက်လာသောအခါ မိမိနိုင်ငံနှင့် လျော်ညီအပ်စပ်၍ အဖွဲ့အစည်းများက ထမ်းဆောင်ရမည့် သံဃာ့အလုပ်သုံးခုကို ၁၉၈၀ ပြည့်နှစ်ကကျင်းပခဲ့သော ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ (၁) ဝိနိစ္ဆယရေးရာ၊ (၂) သာသနာရေးရာ၊ (၃) ပညာရေးရာတို့ ဖြစ်၏။ ‘သံဃာ့အလုပ် သံဃာလုပ်’ ဟူသော အဆိုစကားလည်း ထင်ရှားခဲ့ပါသည်။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့က အဓိကကျသည်။ အရေးပါသည်။ လွှတ်တော်နှင့်အစိုးရသဖွယ်ဖြစ်သည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကို တစ်နိုင်ငံလုံးမှ သံဃာအပါး ၃၀၀ ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့သည် အရွေးချယ်ခံများ ဖြစ်ကြသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် တပေါင်းလတွင် ကျင်းပသည်။ အဆိုပါ နိုင်ဗဟိုအပါး ၃၀၀ ထဲမှ ၄၇ ပါးကို မဟနအဖြစ် ရွေးချယ်တာဝန်ပေးသည်။ ဥက္ကဋ္ဌတစ်ပါး၊ အကျိုးတော်ဆောင်တစ်ပါးနှင့် ကျန် ၄၅ ပါးမှာ ဒုဥက္ကဋ္ဌများ၊ တွဲဖက်အကျိုးဆောင်များနှင့် အဖွဲ့ဝင်ဆရာတော်များ ဖြစ်ကြသည်။ နိုင်ငံတော်သံဃမဟာနာယက ၄၇ ပါး စုံညီအစည်းအဝေးကို လေးလတစ်ကြိမ် ကျင်းပသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက် မဟနများလည်း ရှိကြပါသည်။

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် ၁၅ ပါးစီ ပါဝင်သော အဖွဲ့ခွဲ သုံးဖွဲ့ ဖွဲ့၍ ရုံးထိုင်သည်။ အဖွဲ့ခွဲတိုင်းတွင် ဝိနိစ္ဆယအဖွဲ့၊ သာသနာရေးအဖွဲ့၊ ပညာရေးအဖွဲ့များ ပါရှိကြပြီး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ချမှတ်ပေးသော သံဃာ့အလုပ်သုံးခုကို ဆောင်ရွက်တော်မူကြလေသည်။ မဟနသည် လေးလတစ်ကြိမ် ဆောင်ရွက်ထားရှိမှုများကို တစ်နှစ်တစ်ကြိမ် ကျင်းပသော နိုင်ဗဟိုအစည်းအဝေးသို့ တင်ပြအတည်ပြုရလေသည်။

သို့ဖြစ်ရာ တစ်နိုင်ငံလုံး၏ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာတို့ကို ဆောင်ရွက်တော်မူရသော မဟန(ဝ) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာ သန့်စင်ရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် အရေးကြီးသောကဏ္ဍတွင် ရှိနေကြောင်း သိသာလှပေသည်။ သို့ဖြစ်ရာ ဤကဏ္ဍတွင် ပါဝင်တော်မူကြကုန်သော မဟနသံဃာတော်များသည် သာသနာတော် သန့်စင်၊ တည်တံ့၊ ပြန့်ပွားရေးအတွက် အဓိက ကျလှပေသည်။

မကြာမီက ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (သံဃာ့ရာဇာ) ဗန်းမော်ဆရာတော်ကြီး၏ မဟနတာဝန်အပေါ် အလေးအနက်ထားပုံ၊ တာဝန်ကျေပွန်ပုံကို အကြောင်းတိုက်ဆိုင်လာသဖြင့် ဖော်ပြလိုပေသည်။

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပမည့် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ငြိမ်းချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ စွမ်းစွမ်းတမံ ဆောင်ရွက်နေသော မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ မွန်ဂိုလီးယား၊ ဂျပန်နှင့် တရုတ် (တိုင်ပေ)တို့မှ ရဟန်းသံဃာတော်ကြီးများအား ကမ္ဘာ့ငြိမ်းချမ်းရေးပါရဂူဘွဲ့ ချီးမြှင့်မည်ဖြစ်သောကြောင့် အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ကြွရောက်ပါရန် International Buddhism Leader Association ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ Ven.Mok Tak က ဖိတ်ကြားခဲ့သည်။

အခမ်းအနားကို ၁၂-၁၁-၂၀၂၂ ရက်တွင် ကျင်းပမည်။ ထို့ကြောင့် ဗန်းမော်ဆရာတော်ကြီးကို ၁၁-၁၁-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်အထိ ကြွရောက်ပါရန် Ven.Mok Tak ဆရာတော်က ဖိတ်ကြားသည်။ အသွားအပြန်လေယာဉ်ခနှင့် နေထိုင်စားသောက်စရိတ်များကို Association က ကျခံပေးမည်။ စရိတ်ငြိမ်း ကမ္ဘာ့ငြိမ်းချမ်းရေးပါရဂူဘွဲ့ ရမည်ဖြစ်သည်။

> “တစ်နိုင်ငံလုံး၏ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာတို့ကို ဆောင်ရွက်တော်မူရသော မဟန(ဝ) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာ သန့်စင်ရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် အရေးကြီးသောကဏ္ဍတွင် ရှိနေကြောင်း သိသာလှပေသည်။ သို့ဖြစ်ရာ ဤကဏ္ဍတွင် ပါဝင်တော်မူကြကုန်သော မဟန သံဃာတော်များသည် သာသနာတော် သန့်စင်၊ တည်တံ့၊ ပြန့်ပွားရေး အတွက် အဓိက ကျလှပေသည်”

ဗန်းမော်ဆရာတော်ဘုရားကြီးကို လျှောက်ထားသောအခါ “ သွားလိုသော ဆန္ဒရှိကြောင်း၊ သို့သော် သံဃာ့အဖွဲ့အစည်းဆိုင်ရာအစည်းအဝေးနှင့်တိုက်ဆိုင်နေပါသဖြင့် မတက်ရောက်နိုင်ကြောင်း” မိန့်ကြား၏။ မှန်ပါသည်။ ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ အစည်းအဝေးကို ၁၂-၁၁-၂၀၂၂ ရက်မှ ၁၇-၁၁-၂၀၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ တိုက်ဆိုင်နေပါသည်။ ဆရာတော်ကြီးက ကိုယ်ကျိုးကိုမရွေးဘဲ၊ အများအကျိုး၊ သာသနာတော်အကျိုးဖြစ်သော သံဃာ့အလုပ်ကိုသာ ရွေးချယ်ခဲ့သည်မှာ လေးစားကြည်ညိုဖွယ်ကောင်းလွန်းလှသည် မဟုတ်ပါလား။ မဟနဂုဏ်ရောင် မမှေးမှိန်စေသော ဖြစ်ရပ်တစ်ခု ရှိပါသေး၏။ နစကလက်ထက် ပထမဆုံးနိုင်ငံတော်သံဃမဟာနာယက ၄၇ ပါးစုံညီ အစည်းအဝေးကို ၁၆-၃-၂၀၂၃ ရက်တွင် ပြုလုပ်သည်။ ဖေဖော်ဝါရီလဆန်းပိုင်းက စတင်ခဲ့သော လမ်းပေါ်တက်ဆန္ဒပြပွဲ၊ အနုပညာဆယ်လီတို့၏ စည်းရုံးလှုံ့ဆော်ပွဲတွေ အဆက်မပြတ် ရှိနေဆဲဖြစ်သည်။

မဟန အစည်းအဝေးကို အကြိုညှိနှိုင်း လေးရက်၊ စုံညီနှစ်ရက် ကျင်းပလေ့ရှိသည်။ အကြိုညှိနှိုင်း ပထမရက်တွင် ဥက္ကဋ္ဌဆရာတော်ကြီး ဩဝါဒချီးမြှင့်ပြီး၍ အခမ်းအနားအစီအစဉ်အတိုင်း သံဃာ့ကိစ္စများဖြစ်သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ အဆိုလွှာများကို တစ်ခုချင်း ဆွေးနွေးညှိနှိုင်းရမည့်အချိန်ဖြစ်သည်။ သို့ရာတွင် အခမ်းအနားမှူးဆရာတော်က မန္တလေးသံဃနာယက၏ တင်စာကို ဖတ်ကြားပြီးနောက် ဝိ-သာ-ပညာရေးကိစ္စများကို ဘာမှမပြောတော့ဘဲ အစည်းအဝေးရုပ်သိမ်းကြောင်း တုံးတိတိ ကြေညာလိုက်လေသည်။ သံဃာများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။

မန္တလေးသံဃနာယကတင်စာမှာ ဆန္ဒပြပွဲတွေကြောင့် စုံညီမလုပ်သင့်ကြောင်းပင်ဖြစ်၏။ သာသနာရေးညွှန်ချုပ်က လုံခြုံရေးအာမခံကြောင်းနှင့် အစည်းအဝေးဆက်လုပ်ရန် လျှောက်ထားသော်လည်း မရချေ။ ကျိုက်ထိုဆရာတော်နှင့် ညောင်သုံးပင် မိုးကုတ်ဆရာတော်တို့က ညွှန်ချုပ်ဘက်မှ ကူညီလျှောက်ထားသော်လည်း မရချေ။ မန္တလေးသံဃနာယကတင်စာဘက်က အခြားမဟနဆရာတော် သုံး-လေးပါးခန့်က အစည်းအဝေးရုပ်သိမ်းခြင်းကို ထောက်ခံကြသည်။ (၎င်းဆရာတော်တို့ အနားယူသွားကြပြီဖြစ်သလို ပျံလွန်သွားသူလည်း ရှိပါသည်။) ကျန်မဟနအများစုမှာ ပြတ်သားသောဘက်မရှိချေ။ များရာပါမည့် သဘောဆောင်သည်။ သို့ဖြင့် အခမ်းအနားမှူးဆရာတော်က အခမ်းအနားရုပ်သိမ်းကြောင်း ကြေညာပြီး သာခုသုံးကြိမ်ခေါ်ကြ၏။ မဟနများ ခန်းမအတွင်းမှ ထပြန်ကြသည်။

ကျိုက်ထို၊ မိုးကုတ်ဆရာတော်များ၊ ညွှန်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ ကျန်ရစ်သည်။ တပည့်တော်တို့ပြော၍ မတည်ကြောင်း၊ ဆရာတော်တို့ပြောမှတည်မည်ဖြစ်ကြောင်း သန်လျင်မင်းကျောင်းအကျိုးတော်ဆောင် ဆရာတော်ကြီးကို လျှောက်ထားကြသည်။ ဩဝါဒပေးပြီး ကြွသွားသော ဥက္ကဋ္ဌဆရာတော်ကြီးကို လျှောက်ထား၍ အစည်းအဝေးခန်းမသို့ ပြန်ပင့်သည်။ ဆရာတော်ကြီးနှစ်ပါး ယှဉ်ထိုင်မိကြသည်။ မဟနဆရာတော်များ နေရပ်မပြန်မီအုပ်မိဖို့လိုသည်။ ဒုဥက္ကဋ္ဌနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များကို သွားပင့်ဖို့ တိုင်း/ပြည်နယ် သာ/မှူးများကို မိန့်သည်။ ၎င်းတို့အားလုံး ပြန်ရောက်လာကြသည်။

အခမ်းအနားမှူးဆရာတော်က အခမ်းအနားကို သာခုခေါ်ရုပ်သိမ်းပြီးကြောင်း လျှောက်သည်။ ဥက္ကဋ္ဌဆရာတော်ကြီးက ညှိနှိုင်းအစည်းအဝေးကို ဆက်လုပ်သည်။ ကျိုက်ထိုဆရာတော်နှင့် အခြားဆရာတော်များက ညှိနှိုင်းစရာ ဝိနိစ္ဆယ၊ သာသနာ၊ ပညာကိစ္စရပ်များကို တင်ပြလျှောက်ထား ဆွေးနွေးကြသည်။ တင်ပြသော အချက်များကို မဟနအားလုံးက လက်ခံပေးကြရန် ဆရာတော်ကြီးက အမိန့်ရှိ၍ ၄၇ ပါး စုံညီအစည်းအဝေးကို ၁၈-၃-၂၀၂၃ ရက်တွင် လိုဏ်ဂူတော်ကြီးအတွင်း၌ ပြုလုပ်ရန် ရက်သတ်မှတ်ပေးလိုက်သည်။ ဤသို့ဖြင့် ထိုနေ့က ကြိုတင်ချိန်းချက် စီမံထားဘိသည့်အလား အခမ်းအနားရုပ်သိမ်းကြောင်း ကြေညာအပြီး မိနစ်ပိုင်းအတွင်း အွန်လိုင်းပေါ်ပျံ့နှံ့သွားသော မဟန CDM ကြိုးပမ်းမှုသည် အရှုံးနှင့်အတူ ပျောက်ကွယ်လွင့်ပါးသွားလေတော့သည်။

ဤသည်ကား ဗန်းမော်ဆရာတော်ဘုရားကြီး၏ သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုးအတွက် အမြော်အမြင်ရှိစွာ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ပုံ ဖြစ်ပါသည်။

ထေရဝါဒသံဃာတော်များသည် ဗန်းမော်ဆရာတော်ဘုရားကြီးကို နမူနာယူ၍ သံဃာ့အလုပ်အပေါ်တွင်သာ စူးစူးစိုက်စိုက် အာရုံနှစ်ကာ သာသနာ့ဝန်ထမ်းဆောင်ကြမည်ဆိုပါက ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ထာဝစဉ်တည်တံ့နေမည်ဟု ယုံကြည်ပါသည်။ ။

> “ဥက္ကဋ္ဌဆရာတော်ကြီးက ညှိနှိုင်းအစည်းအဝေးကို ဆက်လုပ်သည်။ ကျိုက်ထိုဆရာတော်နှင့် အခြားဆရာတော်များက ညှိနှိုင်းစရာ ဝိနိစ္ဆယ၊ သာသနာ၊ ပညာကိစ္စရပ်များကို တင်ပြလျှောက်ထား ဆွေးနွေးကြသည်။ တင်ပြသောအချက်များကို မဟနအားလုံးက လက်ခံပေးကြရန် ဆရာတော်ကြီးက အမိန့်ရှိ၍ ၄၇ ပါး စုံညီအစည်းအဝေးကို ၁၈-၃-၂၀၂၃ ရက်တွင် လိုဏ်ဂူတော်ကြီးအတွင်း၌ ပြုလုပ်ရန် ရက်သတ်မှတ်ပေးလိုက်သည်။ ဤသို့ဖြင့် ထိုနေ့က ကြိုတင်ချိန်းချက် စီမံထားဘိသည့်အလား အခမ်းအနားရုပ်သိမ်းကြောင်း ကြေညာအပြီး မိနစ်ပိုင်းအတွင်း အွန်လိုင်းပေါ် ပျံ့နှံ့သွားသော မဟန CDM ကြိုးပမ်းမှုသည် အရှုံးနှင့်အတူ ပျောက်ကွယ်လွင့်ပါးသွားလေတော့သည်”

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်) သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ အရည်အသွေးပြည့်မီစွာထုတ်လုပ်ရေး၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ စွန့်ပစ်ရေများ စမ်းသပ်စစ်ဆေးနေမှု၊ ပြင်ဦးလွင်ခရိုင်ရှိ MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြင်ဦးလွင်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး ဖွင့်လှစ်၍ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက MSME များမှ ထုတ်လုပ်သောစားသောက်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်နိုင်ရန် ခေတ်ခွဲခန်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ MSME များ၏ လိုအပ်ချက်ကို သိရှိအောင် ဆောင်ရွက်ပြီး ထိရောက်သည့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ ဆပ်ပြာစက်ရုံ(မန္တလေး)နှင့် မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးတို့၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများနှင့်စက်ပစ္စည်းကိရိယာများ ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြန်လည်ပြင်ဆင်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၅ နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်အတွင်းရှိ လှိုင်းကာလာ သွပ်ပြားလိုင်းဖော်လုပ်ငန်း(ဝဲပုံ)၊ တော်ဝင်သွပ်ပြားလိုင်းဖော်လုပ်ငန်း၊ Top One One သွပ်လိုင်းဖော်လုပ်ငန်းတို့ကို သွားရောက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း)၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၊ မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)တို့ကို ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်ရှိ သုံးထပ်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၀**

## ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံး သုံးထပ်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ကော့သောင်း ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံး သုံးထပ်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဟန်လင်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရုံးအဆောက်အအုံသစ် တည်ဆောက်မည့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်သည်။



အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဦးအောင်ဇော်မင်းက ရုံးအဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တိုင်များကို စိုက်ထူခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန်ခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ စာပေ၏အကျိုးကျေးဇူးကို ဟောပြောသည်။ ဆက်လက်ပြီး စာရေးဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)က လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မိမိမော်က အမှာစကားပြောကြားကာ အထက(၆) ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ **ဉာဏ်လင်း**

## ရမည်းသင်းမြို့နယ် ရွှေမြင်တင်-အင်တိုင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်



**ရမည်းသင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ရွှေမြင်တင်-အင်တိုင်းလမ်းပိုင်းလမ်းအရှည် (၀/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၃ ဒသမ ၀၁သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရမည်းသင်းခရိုင်နှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဦးစီးအရာရှိ(မြို့ပြ)တို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သတ်မှတ်အတိုင်းအတာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေးနိုင်ရေးအတွက် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **သန္တာလင်း(ခရိုင်ပြန်/ဆက်)**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊
(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကရင်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် တရားလွှတ်တော် (၁၃၄ x ၁၄၁)ပေ အာရ်စီသုံးထပ်အဆောက်အအုံ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ဆေးရုံလမ်း မြန်မာ့စီးပွားရေးဘဏ်ရှေ့ရှိ အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အဆိုပါအဆောက်အအုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့ ၁၃ မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။ ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ရတနာပန္နက်တော်များကို စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသော ကရင်၊ မွန်၊ ပအိုဝ်း တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဘင်ခရာပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အဆောက်အအုံဆောက်လုပ်မည့် ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြောင်းမြမြို့၌ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်နှင့်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကျင်းပ

**မြောင်းမြ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်သည် မြောင်းမြခရိုင် မြောင်းမြို့ Happy ဖူဆယ်အားကစားကွင်း၌ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်နှင့်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းသားများအား လိုက်လံနှုတ်ဆက်၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အနေဖြင့် မြောင်းမြခရိုင်အသင်းနှင့် မအူပင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ (၈) ခရိုင်မှ ခရိုင်ကိုယ်စားပြု ဘောလုံးအသင်း ရှစ်သင်း၊ ပြိုင်ပွဲဝင်ကစားသမား စုစုပေါင်း ၈၀ဖြင့် ဇူလိုင် ၁၈ ရက်မှ စတင်ယှဉ်ပြိုင်ကစားလျက်ရှိရာ ယနေ့အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်တွင် မြောင်းမြခရိုင်အသင်းမှ လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ကြောင်း သိရသည်။ **ဇေယျာ (မြောင်းမြ)**



## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင် နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၁.၇.၂၀၂၅ ရက်မှ ၂၉.၈.၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# စားရေရိက္ခာပိုလျှံစွာ ထုတ်လုပ်နိုင်မည့် ဆိပ်သာဆိုလာမြစ်ရေတင်စီမံကိန်း

**ဆိပ်သာဆိုလာရေတင်စီမံကိန်းသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် မိကျောင်းရဲအုပ်စု ဆိပ်သာကျေးရွာအနီး၌ တည်ရှိသည်။ အကျိုးပြုဧက ၂၀၀ အား နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံ၏ ရေလိုအပ်ချက်နှင့်အညီ ရေပေးဝေနိုင်ပြီး တစ်နှစ်သုံးသီး ရေတင်စိုက်ပျိုးနိုင်မည်ဖြစ်ရာ သီးနှံအထွက်နှုန်း အရည်အသွေးကောင်းမွန်စွာ တိုးတက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။**

**ဝိစ္စုရ(မကွေး)**

ဆိပ်သာကျေးရွာရှိ ဒေသခံတောင်သူများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထား၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နေကြသူများ ဖြစ်သည်။ ရေအရင်းအမြစ်ကြွယ်ဝသည့် ဧရာဝတီမြစ်ကြီးအနီးတွင် ရှိသော်လည်း နည်းစနစ်မှန်ကန်စွာ အသုံးချနိုင်ခြင်းမရှိခဲ့သောကြောင့် သဘာဝမိုးရေကိုသာ အားထားစိုက်ပျိုးထုတ်လုပ်ခဲ့ရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန် ၃၄ လက်မခန့်ရရှိသော်လည်း သီးနှံ၏ ရေလိုအပ်ချက်နှင့်အညီ ရေလိုအပ်ချိန်တွင် လုံလောက်စွာရရှိခဲ့ခြင်းမရှိသဖြင့် ဖြစ်ထွန်းအောင်မြင်မှုနည်းပါးပြီး သီးနှံအထွက်နှုန်းများ ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ မိုးရေကိုသာ အားထားဆောင်ရွက်ခဲ့ရခြင်းကြောင့် တစ်နှစ်လျှင် နှစ်သီးပင် အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

သီးနှံများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းနှင့် သီးနှံအရည်အသွေးကောင်းမွန်ရန် မျိုးစေ့၊ မြေဆီလွှာ၊ နည်းပညာများအပြင် သီးနှံစိုက်ပျိုးရန် မြေပြင်ခြင်း၊ မျိုးစေ့ချခြင်း၊ ပျိုးရေ၊ ပင်ဖြစ်ရေမှသည် အောင်ရေအထိ အချိန်ကာလအလိုက် သီးနှံ၏ ရေလိုအပ်ချက်နှင့်အညီ လိုသလောက် ညီညွတ်မျှတစွာ ရေရရှိရန်မှာ လွန်စွာအရေးကြီးသော လုပ်ငန်းတစ်ရပ် ဖြစ်သည်။


ဆိပ်သာဆိုလာမြစ်ရေတင်စီမံကိန်း။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်ရေကိုစုပ်တင်၍ စနစ်တကျ ရေပေးဝေနိုင်ရန်အတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်တိုအတွင်း ပြီးစီးအောင်မြင်အောင် အလေးထားဆောင်ရွက်ခဲ့သည်။

အကျိုးပြုဧက ၂၀၀ အား ရေသွင်းစိုက်ပျိုးနိုင်ရန်အတွက် ၂၃၈ ကီလိုဝပ် ထုတ်လုပ်နိုင်သည့် ဆိုလာပါဝါစနစ်ဆောင်ရွက်၍ ၁၁၀ ကီလိုဝပ်မော်တာ၊ ၉ ကျူ ဆက်ပန့် တစ်စုံ၊ ၅၅ ကီလိုဝပ်မော်တာ ၅ ကျူ ဆက်ပန့် တစ်စုံအား ရေပေါ်ရေတင်စက်ရုံဖြင့် တပ်ဆင်ရေပေးဝေသွားမည်ဖြစ်သည်။ ၁၅'' သံပိုက်လိုင်း ပေ ၁၄၀၀ တပ်ဆင်၍ ရေစုကန်မှတစ်ဆင့် ရေဖြန့်ဝေပေးမည်ဖြစ်ပြီး အနိမ့်တင်ပန့် ၂ ဒသမ ၂ ကီလိုဝပ် (၁)ကျူ ဆက်ပန့်သုံးစုံဖြင့် ကုန်းမြေမြင့်ဧရိယာများသို့ တစ်ဆင့်တင် ရေပေးဝေ၍ စိုက်ပျိုးသွားရန် ဆောင်ရွက်ထားရှိသည်။ ထို့အပြင် ရေပေးမြောင်း ၂ ဒသမ ၄၈ မိုင်ကို လည်းကောင်း၊ ရေငြိမ်ကန်အပါအဝင် တူးမြောင်း အဆောက်အအုံ ၃၄ ခုကို လည်းကောင်း ဆောင်ရွက်ထားရှိသည်။

မိုးရေကိုသာ အလေးထားစိုက်ပျိုးခဲ့ရသော ဒေသခံတောင်သူများအနေဖြင့်လည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ သေချာလုံလောက်စွာ ရရှိနိုင်တော့မည့် မြစ်ရေတင်စီမံကိန်းဒေသတွင် ရေရရှိလာမှုကြောင့် ယခုမိုးသီးနှံအား ဧက ၂၀၀ အပြည့်အဝ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း စိတ်အားထက်သန်စွာ ပြောဆိုလုပ်ကိုင်နေကြပြီဖြစ်သည်။ မြေယာပြုပြင်ခြင်း၊ ကန်သင်းပြုလုပ်ခြင်း၊ လယ်ကြားမြောင်းဖောက်ခြင်း၊ ကန္တာရချုံငယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို တစ်ပြိုင်နက် စတင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေအသုံးပြုသူများအဖွဲ့ (WUG/WUA) အဖွဲ့များအား စနစ်တကျဖွဲ့စည်းဆောင်ရွက်ခြင်း၊ ရေလှည့်ဇယားများရေးဆွဲခြင်း၊ ဒေသနှင့်သင့်လျော်ပြီး အကျိုးအမြတ်များများ ရရှိမည့်သီးနှံပုံစံများ ချမှတ်ခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဆိပ်သာဆိုလာရေတင်စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် မူလမိုးရေအားထားစိုက်ပျိုးရသည့်အခြေအနေ၊ သီးနှံအထွက်နှုန်းကောင်းမွန်မှုမရှိသည့်အခြေအနေမှ တစ်နှစ်ပတ်လုံး ရာသီအလိုက် သုံးသီးအနည်းဆုံး စိုက်ပျိုးနိုင်မည့်အပြင် ပန်းတိုင်ထွက်နှုန်းများ ရရှိမည်ဖြစ်ပြီး စားရေရိက္ခာအတွက် ဒေသဝမ်းစာဖူလုံရုံမျှမက ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝမြင့်တက်လာမည်ဖြစ်သည်။ ထို့အပြင် မြစ်ရေမှရရှိသော နုန်းအနည်အနှစ်များကြောင့် မြေဆီလွှာ တိုးတက်ကောင်းမွန်ခြင်း၊ စိုက်ပျိုးရေသာမက သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ ဇီဝမျိုးစိတ်များ ရှင်သန်ပေါက်ပွားစေခြင်း စသည့်အကျိုးကျေးဇူးများ မလွဲမသွေရရှိစေမည်ဖြစ်သည်။

ဆိပ်သာမြစ်ရေတင်စီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ(GRF)မှ ကျခံဆောင်ရွက်ခဲ့သော Quick Win Project လေးခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဆိုလာစနစ်ဖြင့် ရေတင်စမ်းသပ်မှု ဆောင်ရွက်နိုင်ခဲ့သည်။ ရေစမ်းသပ်ပေးဝေနိုင်သည်အထိ လုပ်ငန်းဆောင်ရွက်ခဲ့သည့် အချိန်ကာလအနေဖြင့် ငါးလခန့်သာကြာမြင့်ခဲ့ပြီး စံချိန်စံညွှန်းနှင့်အညီ ဆောလျင်စွာ ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

မကွေးမြို့နယ် မိကျောင်းရဲကျေးရွာအုပ်စု ဆိပ်သာကျေးရွာအနီးတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဆိပ်သာဆိုလာရေတင်စီမံကိန်းသည် ဒေသတွင်း လူမှုစီးပွားဘဝများ တိုးတက်လာစေရုံမျှမက နိုင်ငံတော်အတွက် စားရေရိက္ခာများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်လာနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

◆ *ကျောဖုံးမှ*

နောင်ချို-ကျောက်ကြမ်း -အုမ္မခါး- အုမ္မသီးလမ်းကြောင်းအား ထိန်းချုပ်၍ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင် လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခဲ့မှုကြောင့် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ၇ မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာအနီးရှိ Crown ဘိလပ်မြေစက်ရုံမှ နေ့စဉ် ထုတ်လုပ်နေလျက်ရှိသော ဘိလပ်မြေများကို မန္တလေးလျှင်ကြီးကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်စဉ်က လိုအပ်လျက်ရှိသော နေရာများသို့ လွယ်ကူလျင်မြန်စွာ ပေးပို့နိုင်ခြင်းမရှိသဖြင့် ပြည်သူလူထုအနေဖြင့် ဘိလပ်မြေများကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

ယခုအခါ တပ်မတော်အနေဖြင့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး နောင်ချို-ကျောက်ကြမ်း- အုမ္မခါး - အုမ္မသီး - ပြင်ဦးလွင်- မန္တလေး လမ်းကြောင်းကြီးကို ပြန်လည် ဖွင့်လှစ်ပေးနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာ စီးဆင်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ၎င်းတို့၏ နေရပ်ဒေသသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်လာကြပြီး နေ့စဉ်လူမှုစီးပွားဘဝကို အေးချမ်းစွာ ပြန်လည်ဖော်ဆောင်လုပ်ကိုင်နိုင်တော့ မည်ဖြစ်သည်။



တပ်မတော်အနေဖြင့် အဆိုပါ လမ်းကြောင်းကြီးအား ပြန်လည် ဖွင့်လှစ် ပေးနိုင်သောကြောင့် ယနေ့တွင်လည်း Crown ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများ တင်ဆောင်လာသော မော်တော်ယာဉ် ၅၉ စီးသည် တစ်စီးလျှင် ၃၃ တန်ဖြင့် စုစုပေါင်း ၁၉၄၇ တန် (စုစုပေါင်း ဘိလပ်မြေအိတ် ၃၆၅၈၀) တို့ကို မန္တလေးမြို့နယ်သို့ သွားရောက် ပို့ဆောင်ပေးနေပြီဖြစ်ပြီး ယင်းသို့ ဘိလပ်မြေများ ပြန်လည်ပို့ဆောင်ပေးနိုင်မှုကြောင့် မန္တလေးငလျင်ကြီး လှုပ်ခတ်ရာတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော လူနေအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စေတီ၊ ပုထိုးများ တည်ဆောက်မှုနှင့် အခြားတည်ဆောက်ရေး လုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သော ဘိလပ်မြေများကို ပြည်သူလူထုအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။



နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားအောင် အဘက်ဘက်မှ ကူညီလုပ်ဆောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်မှ ကင်းဝေးအောင် လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကျင့်ပျက်ခြစားနေသူတွေရဲ့အုပ်စု

ပြီးခဲ့တဲ့ ဇွန်လတုန်းက စာရေးသူဟာ "ခန်းမဗလာ စကားလုံးတွေက အနှစ်မပါ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးတယ်။ နယူးယောက် ဆင်စွယ်နန်းတော်ကြီးထိပ်မှာ ထိုင်နေကြတဲ့ ကမ္ဘာ့သူကြီး ဦးမိုက်တီး၊ ဒေါ်မိုက်တီးတို့ရဲ့ ပင်ကိုဗီဇထဲမှာကိုက ဒီလိုမျိုးအနှစ်သာရမရှိတဲ့ အပြုအမူတွေ လုပ်ချင်တဲ့ ဉာဉ်ဆိုးပါနေပုံရတယ်လို့ ဆိုရမှာပဲ။

နယူးယောက်မှာ မိန့်ခွန်းပြောတုန်းက ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောခဲ့တဲ့သူဟာ အဲဒီမဟာသံတမန်ကြီးတစ်ယောက်တည်း မကဘူး။ သူ့ရဲ့ "အကြီးအကဲ" လို့ ခေါ်တဲ့ ပုဂ္ဂိုလ်ကလည်း မကြာသေးခင်က စပိန်နိုင်ငံ ဆီဗီးလ်မြို့မှာလုပ်တဲ့ ညီလာခံတစ်ခုကို သွားတက်ခဲ့သေးတယ်။ အဲဒီညီလာခံကို အနောက်တိုင်း သတင်းမီဒီယာတချို့က "ထိုင်ခုံတွေဗလာ၊ ခေါင်းဆောင်တွေ မလာ"လို့ ဖော်ပြခဲ့ကြတာကိုကြည့်ရင် ရိပ်စားမိလောက်ပါရဲ့။

ဆီဗီးလ်မှာ လုပ်ခဲ့တဲ့ပွဲက ဆယ်စုနှစ်တစ်ခါမှ တစ်ကြိမ်ကျင်းပတဲ့ ဘဏ္ဍာရေးညီလာခံကြီးတစ်ခုလို့ ဆိုပေမယ့် ဒီ "အကြီးအကဲ" နဲ့ သူ့ရဲ့ နောက်တော်ပါတွေအတွက်ကတော့ စရိတ်ငြိမ်း အပျော်ခရီးတစ်ခုပါပဲ။

"အကြီးအကဲ"အတွက် ဒီကွန်ဖရင့်ဟာ တကယ်ပဲ အရေးပါတဲ့ပွဲ တစ်ခုသာဆိုရင်၊ ဆယ်နှစ်မှ တစ်ခါလုပ်တဲ့ ဒီပွဲမှာ လူတွေပြည့်ကျပ်နေသင့်တာပေါ့။

ဩဇာတိက္ကမ ကြီးမားတဲ့ သတင်းဌာနတစ်ခုရဲ့ ဆောင်းပါးတစ်ပုဒ်ကတော့ အကုန်လုံးကို ဖွင့်ချလိုက်တယ်။ အဲဒီဆောင်းပါးမှာ ရေးထားတာက "ပြင်းထန်တဲ့အပူဒဏ်အောက်မှာ ဗလာကျင်းနေတဲ့ ထိုင်ခုံတွေက အဓိကကျတဲ့ ဖွံ့ဖြိုးတိုးတက်ရေးပွဲကြီးကို ရုပ်ပျက်ဆင်းပျက် ဖြစ်စေခဲ့တယ်" တဲ့။ ဆောင်းပါးက "ထိုင်ခုံတွေဗလာ၊ ခေါင်းဆောင်တွေ မလာ"လို့ ဆိုထားတယ်။ G7 ခေါင်းဆောင်တစ်ဦးတည်းပဲ တက်ရောက်ခဲ့တာကို တွေ့ရတယ်။ ပုံမှန်ဆို ဒီလိုပွဲမျိုးတွေကို မဖြစ်မနေတက်ရောက်လေ့ရှိတဲ့ ကမ္ဘာ့တောင်ခြမ်းက ထင်ရှားသူတချို့တောင် တက်မလာခဲ့ကြဘူး။



www.gnlm.com.mm 11 JULY 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE POEM

Parliament of Misconduct

By Kyaw Myint Htoon (Paris)

IN June, this author wrote a column titled "Empty Chambers, Empty Words".

It seems it's in the DNA of the mighty powers that sit atop the Ivory Tower in New York.

The great envoy was not the only one who spoke to the empty chamber when the speech was given in New York. Her supremo recently attended a conference in Seville, Spain, that some Western outlets have described as "empty chairs, missing leaders"!

It was a once-in-a-decade finance conference in Seville. A nice junket for the Supremo and cronies!!!

If there were any sign of relevance to the Supremo, the conference should be at capacity, considering it is held once every ten years.

An article in one highly reputable news outlet said it all. It said in a blistering heat, empty chairs mar the flagship development event. The article also said "empty chairs, missing leaders". Only one G7 leader attended. Even some usual suspects from the Global South, for whom event such as this is a "must-attend", skipped. Both the Supremo and Deputy attended. Some insiders said no. 1 and 2 are not supposed to travel together. All that doesn't matter anymore. A year and a chain left in the term, and who cares! It would be good to see how these Self-Absorbed People (SAPs) in the Ivory Tower spin it to claim victory. But, aren't they supposed to be facing an unprecedented financial crisis? Nothing has changed after all! Let's hope the big Uncle is taking note.

These people are in deep denial and oblivious to the reality of the current-day politics. There is a recent article that laid out extensive perks these officials receive amid the budget crisis. People around the world are suffering. The clock is ever closer to midnight. These SAPs live large and live well!

Let's call them out for their failures. In Haiti, criminal gangs have exerted "near-total control" over the capital. Wait! Not long ago, didn't these SAPs just come up with such a brilliant idea to deploy military forces from another faraway country? Note also that these SAPs have been on the ground in Haiti for decades.

They will be speaking to an empty Chamber in late September. The great Envoy is busy preparing for a day talkfest related to Myanmar. Doesn't matter the empty chamber! Usually in New York, the third week of September is when who's who from the whole world is in town. But end of September? No one's there! Financial crisis or not, let's plough ahead with the conference on Myanmar anyway! Events like this are an opportunity for nice junkets. Justification for the contract. The minor league University down South doesn't have the budget to cover fancy travels and accommodations. While travelling on official dime, let's mix up with private business.

To resolve any conflict, all sides need to be at the table, especially the most important player. If there is any intelligence with these SAPs, this is how the end-of-September talkfest would be organized. But in this case, the main actor is ignored - neither invited nor views solicited!

They continue to organize empty conferences. Make speeches to empty chambers.

There is an expression in Myanmar for the people who do not have much up there in their heads. They are called ... brain! No shortage of these types in the Ivory Towers in New York and Geneva!

(The views and opinions expressed in this article are those of the author.)

"အကြီးအကဲ"နဲ့ ဒုတိယအကြီးအကဲနှစ်ယောက်စလုံးကတော့ တက်ခဲ့ကြပါတယ်။ "နံပါတ် ၁ နဲ့ နံပါတ် ၂ အတူတူ ခရီးမသွားသင့်ဘူး"လို့ အတွင်းလူတချို့က ဝေဖန်ခဲ့ကြတာတွေလည်း ရှိတယ်။ ဒါပေမယ့် ဒီကိစ္စတွေအားလုံး အခုတော့ အရေးမကြီးတော့ပါဘူး။ သူတို့ရဲ့ သက်တမ်းကုန်ဖို့ တစ်နှစ်လောက်ပဲ ကျန်တော့တာဆိုတော့ ဘယ်သူကများ ဒါကို ဂရုစိုက်တော့မှာလဲ။ ဒီ "ဆင်စွယ်နန်းတော်ကြီး" ပေါ်က ကိုယ်ကျိုးရှာ ကိုယ်သာအဓိကသမားတွေ (SAPs) (အတ္တသမားတွေ)က သူတို့ရဲ့ ကျရှုံးမှုတွေကို အောင်မြင်မှုတွေပါလို့ ဘယ်လိုများ ဖြီးလုံးထုတ်ကြဦးမလဲဆိုတာကို စောင့်ကြည့်ကြရပါလိမ့်မယ်။ ဒါပေမယ့် သူတို့တွေက မကြုံစဖူး ငွေကြေးအကျပ်အတည်းကြီးနဲ့ ရင်ဆိုင်နေရတာ မဟုတ်လား။ သူတို့ဘာမှ ပြုပြင်ပြောင်းလဲရေး မလုပ်နိုင်သေးပါဘူး။ မပြောင်းလဲသေးပါဘူး။ "အန်ကယ်ဆမ်ကြီး" ကတော့ ဒီအခြေအနေတွေကို သတိမူမိမယ်လို့ သာမျှော်လင့်ကြပါစို့ရဲ့။ ဒီလူတွေကတော့ လက်ရှိနိုင်ငံရေးအခြေအနေမှန်ကို လုံးဝလက်မခံနိုင်ဘဲ ဘာဖြစ်လို့ဖြစ်နေမှန်းကို မသိကြတဲ့သူတွေပါ။

ဘတ်ဂျက်အကျပ်အတည်းကြားထဲက ဒီအရာရှိတွေရနေတဲ့ မတန်တဆအကျိုးခံစားခွင့်ကြီးတွေ အကြောင်းကို မကြာသေးခင်က ထွက်ပေါ်လာတဲ့ ဆောင်းပါးတစ်ပုဒ်မှာ အသေးစိတ် ဖော်ပြထားတယ်။ ကမ္ဘာတစ်ဝန်းက လူတွေကတော့ ဒုက္ခပင်လယ်ဝေပြီး ဆင်းရဲဒုက္ခရောက်နေကြရတယ်။ နာရီလက်တံကလည်း သန်းခေါင်ယံကို ပိုပြီးနီးကပ်လာနေပြီ (အချိန်နည်းလာပြီ။ အခြေအနေဆိုးလာပြီဆိုတဲ့သဘော)။ ဒါပေမယ့် ဒီတစ်ကိုယ်ကောင်းသမားတွေကတော့ ထည်ထည်ဝါဝါ စည်းစိမ်ခံပြီး စံစားလို့ကောင်းနေကြတုန်းပါ။

သူတို့ရဲ့ ကျရှုံးမှုတွေကို ထောက်ပြကြရအောင်။ ဥပမာ – ဟေတီနိုင်ငံမှာဆို ရာဇဝတ်ဂိုဏ်းတွေက မြို့တော်ကို "လုံးဝနီးပါး ထိန်းချုပ်ထားနိုင်ပြီ" တဲ့။ ခဏလေး။ မကြာသေးခင်ကမှ ဒီ SAPs (အတ္တသမားတွေ) တွေက အဲဒီလိုဖြစ်နေတာကို ထိန်းချုပ်ဖို့ တခြားဝေးလံတဲ့ နိုင်ငံကနေ တပ်ဖွဲ့တွေ ချထားဖို့ လက်ဖျားခါလောက်တဲ့စိတ်ကူးတွေ ထုတ်လာခဲ့တာ မဟုတ်ဘူးလား။ ဒ့ါအပြင် ဒီ SAPs (အတ္တသမားတွေ) တွေက ဟေတီမှာ ဆယ်စုနှစ်များနဲ့ချီပြီး ရှိနေခဲ့ကြတာကိုလည်း သတိပြုမိဖို့ လိုတယ်နော်။ (သူတို့ကိုယ်တိုင်ရှိနေခဲ့တာတောင် ဘာမှမလုပ်နိုင်ခဲ့ဘူး ဆိုတဲ့ သဘောပေါ့။)

သူတို့တွေက စက်တင်ဘာလနှောင်းပိုင်းကျရင် ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောကြလိမ့်ဦးမယ်။ အဲဒီ "သံတမန်ကြီး" ကတော့ မြန်မာနဲ့ ပတ်သက်တဲ့ တစ်ရက်တည်းလုပ်မယ့် စကားဝိုင်းပွဲအတွက် ပြင်ဆင်နေတာနဲ့ အလုပ်ရှုပ်နေတာ။ အခန်းထဲမှာ လူမရှိလည်း သူ့အတွက် အရေးမကြီးပါဘူးလေ။

ပုံမှန်ဆိုရင်တော့ နယူးယောက်မှာ စက်တင်ဘာလရဲ့ တတိယပတ်ရောက်ပြီဆိုရင် ကမ္ဘာတစ်ဝန်းက နာမည်ကြီးပုဂ္ဂိုလ်တွေ အကုန်လုံး ရောက်ရှိနေတဲ့ အချိန်ပေါ့။ ဒါပေမယ့် စက်တင်ဘာလကုန်ကျရင်ရော။ အဲဒီမှာ ဘယ်သူမှ ရှိတော့မှာမဟုတ်ဘူး။ ငွေကြေးအကျပ်အတည်းတွေ ရှိရှိ မရှိရှိ မြန်မာနဲ့ ပတ်သက်တဲ့ ညီလာခံကိုတော့ မဖြစ်ဖြစ်အောင် ဆက်လုပ်ကြစို့။

ဒီလိုပွဲမျိုးတွေက စရိတ်ငြိမ်းအပျော်ခရီးထွက်ချင်သူတွေအတွက် အခွင့်အရေးလေ။ ပြီးတော့ အလုပ်ခန့် စာချုပ်တစ်ခု ထပ်ချုပ်နိုင်ဖို့အတွက်လည်း အကြောင်းပြချက်လေးပဲပေါ့။ တောင်ဘက်ပိုင်းက "အငယ်စား" တက္ကသိုလ်ကတော့ ခမ်းနားတဲ့ အဆင့်အတန်းနဲ့အညီ ခရီးစရိတ်နဲ့ တည်းခိုစရိတ်တွေ ပေးဖို့ ဘတ်ဂျက်မရှိဘူး။ တာဝန်ရှိသူအဖြစ် အဖွဲ့အစည်းက ကျခံပေးတဲ့ စရိတ်နဲ့ ခရီးသွားတုန်းမှာပဲ ကိုယ်ပိုင် စီးပွားရေးကိစ္စလေးပါ ရောသမမွှေ လုပ်ရှားရတာပေါ့။

မည်သည့်ပဋိပက္ခကိုမဆို ဖြေရှင်းမယ်ဆိုရင် ပါဝင်ပတ်သက်သူအားလုံး စားပွဲဝိုင်းမှာ ရှိနေဖို့ လိုတယ်။ အထူးသဖြင့် အရေးအကြီးဆုံး ကာယကံရှင်က ပိုပြီးတော့ကို ရှိနေဖို့လိုတယ်။ ဒီကိုယ့်ကိုယ်ကိုယ်ပဲ အာရုံစိုက်နေတဲ့ ကိုယ်ကျိုးရှာသူတွေမှာ ဥာဏ်ရည်ဥာဏ်သွေး နည်းနည်းပါးပါးလေးပဲ ရှိဦးမယ်ဆိုရင်၊ စက်တင်ဘာလကုန်မှာ လုပ်မယ့် စကားဝိုင်းပွဲကို ဒီလိုမျိုး စီစဉ်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဒီကိစ္စမှာတော့ အဓိက ကာယကံရှင်ကို လုံးဝလျစ်လျူရှုထားတယ်။ ဖိတ်လည်းမဖိတ်ဘူး၊ သူ့ရဲ့အမြင်သဘောထားတွေကိုလည်း မတောင်းခံကြဘူး။

သူတို့တွေကတော့ အနှစ်သာရမရှိတဲ့ ကွန်ဖရင့်တွေကို ဆက်လုပ်နေတုန်းပဲ။ လူမရှိတဲ့ အခန်းတွေထဲမှာ မိန့်ခွန်းတွေ ပြောနေကြတုန်းပဲ။ ခေါင်းထဲမှာ ဘာမှ ရှုမြင်တွေးခေါ်မှု သိပ်မရှိတဲ့လူတွေကို မြန်မာလို အခေါ်အဝေါ်တစ်ခုရှိတယ်။ သူတို့ကို "ဦးနှောက်ချောင်နေသူ" (ဒါမှမဟုတ် လူငယ်စကားနဲ့ပြောရရင် "ကျပ်မပြည့်သူ") တဲ့ဗျ။ နယူးယောက်နဲ့ ဂျီနီဗာက "ဆင်စွယ်နန်းတော်ကြီး" တွေထဲမှာ ဒီလိုလူစားတွေက အများကြီးပါ။ ။

(ဤဆောင်းပါးပါ အမြင်များနှင့် ထင်မြင်ချက်များသည် စာရေးသူ၏ အမြင်များနှင့် ထင်မြင်ချက်များသာ ဖြစ်သည်။)

(၁၁-၇-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ Kyaw Myint Htoon (Paris) ၏ Parliament of Misconduct ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

- နယူးယောက်မှာ မိန့်ခွန်းပြောတုန်းက ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောခဲ့တဲ့သူဟာ အဲဒီမဟာသံတမန်ကြီးတစ်ယောက်တည်း မကဘူး။ သူ့ရဲ့ "အကြီးအကဲ" လို့ခေါ်တဲ့ ပုဂ္ဂိုလ်ကလည်း မကြာသေးခင်က စပိန်နိုင်ငံ ဆီဗီးလ်မြို့မှာ လုပ်တဲ့ ညီလာခံတစ်ခုကို သွားတက်ခဲ့သေးတယ်။ အဲဒီညီလာခံကို အနောက်တိုင်း သတင်းမီဒီယာတချို့က "ထိုင်ခုံတွေဗလာ၊ ခေါင်းဆောင်တွေ မလာ"လို့ ဖော်ပြခဲ့ကြတာကိုကြည့်ရင် ရိပ်စားမိလောက်ပါရဲ့
- စက်တင်ဘာလနှောင်းပိုင်းကျရင် ဗလာကျင်းနေတဲ့အခန်းထဲမှာ စကားပြောကြလိမ့်ဦးမယ်။ အဲဒီ "သံတမန်ကြီး" ကတော့ မြန်မာနဲ့ပတ်သက်တဲ့ တစ်ရက်တည်း လုပ်မယ့် စကားဝိုင်းပွဲအတွက် ပြင်ဆင်နေတာနဲ့ အလုပ်ရှုပ်နေတာ။ အခန်းထဲမှာ လူမရှိလည်း သူ့အတွက် အရေးမကြီးပါဘူးလေ

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ကယားပြည်နယ်ဝန်ကြီးချုပ် မိုးစပါးစိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲနှင့် စံပြဝက်မွေးမြူရေးခြံ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၂၀

**ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိုးစပါးစိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲနှင့် ယူရီးယားဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပဒါးညေးကျေးရွာ စက်မှုလယ်ယာစနစ်ကျလယ်မြေ၌ ပြုလုပ်သည်။**

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့် မျိုး၊ မြေ၊ ရေနှင့် အရင်းအနှီးများကို တတ်နိုင်သရွေ့ ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ ထို့အပြင် သီးနှံများ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းနှင့် ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံများကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူများ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိစေရန် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များကို အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး တောင်သူများ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာမှ အောင်နိုင်တိုးမိုးစပါးစိုက်ပျိုးသည့် တောင်သူတစ်ဦးအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ပဒါးညေး၊ လယ်ထွဲနှင့် နွားလဝိုးရွာမ ကျေးရွာများမှ အောင်နိုင်တိုးနှင့် ရွှေအပ်စပါးစိုက် တောင်သူများအား လည်းကောင်း ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးမည့် ယူရီးယားဓာတ်မြေဩဇာများ ခင်းကျင်းထားမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ သီးရွက်ဖျန်းအားဆေးများ စနစ်တကျ အသုံးပြုပုံ ရှင်းလင်းပြောကြားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်မှုလယ်ယာစနစ်ကျလယ်မြေ ကွင်း



အမှတ် ၁၂၆(က) တောင်သူခွန်ချစ်ဦး ပိုင်လယ်မြေ၌ အောင်နိုင်တိုးစပါးမျိုးဖြင့် ပညာပေးကွင်းသရုပ်ပြစိုက်ပျိုးနေမှုနှင့် မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် ကွင်းသရုပ်ပြ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်နယ်၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်များအား သရုပ်ပြပညာပေး ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသည့် စံပြဝက်မွေးမြူရေးခြံသို့ သွားရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က စံပြဝက်မွေးမြူရေးဖြစ်သည့်အတွက် ဝက်မွေးမြူဆောင်ရွက်လိုသူများအား စနစ်တကျ ပညာပေး သရုပ်ပြသနိုင်ရေးနှင့် ဝက်သားပေါက်များကို စဉ်ဆက်မပြတ် မွေးမြူဖြန့်ဖြူးနိုင်ရေး၊ အနံ့အသက်ဆိုးများ မထွက်ရှိစေရေးနှင့် ကူးစက်ရောဂါများ မကျရောက်စေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)


## ဇူလိုင် ၂၆ ရက်အတွင်း ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံ တောင်ပိုင်းကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "ဝီဖာ" (WIPHA) သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။



မိုး/ဇလ



## ဖူးသစ်ဝေအထွေထွေရောင်းဝယ်ရေး သမဝါယမလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မအူပင် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဖူးသစ်ဝေအထွေထွေရောင်းဝယ်ရေး သမဝါယမလီမိတက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂)ရပ်ကွက် ဆွမ်းချက်မဏ္ဍပ်အတွင်း ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်က အမှာစကားပြောကြားပြီး ဖူးသစ်ဝေ အထွေထွေရောင်းဝယ်ရေးသမဝါယမလီမိတက်ဥက္ကဋ္ဌ ဦးမျိုးထွန်းဝင်းကအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းများအား ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းပြီး ရှင်းလင်းချက်များအပေါ် အသင်းသား အသင်းသူများက ပြန်လည်ဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးကြသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသား အသင်းသူများထံမှ လက်ခံအတည်ပြုချက်ရယူကြရာ အသင်းသား အသင်းသူများက အတည်ပြုလက်ခံခဲ့ကြသည်။

အဆိုပါ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဖူးသစ်ဝေအထွေထွေရောင်းဝယ်ရေးသမဝါယမလီမိတက်ဥက္ကဋ္ဌနှင့် အသင်းသား အသင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး အသင်းသား အသင်းသူများ၏ အစုပေါ်အမြတ်ငွေ ၂၅ ရာခိုင်နှုန်း ငွေကျပ်တစ်ဆယ့်လေးသိန်းကျော်ကို မြို့နယ်ဦးစီးအရာရှိ နှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ အသင်းသား အသင်းသူ ၆၈ ဦးထံ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက တပ်မတော် စက်ပစ်ကွင်း(ပြင်ဦးလွင်)၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြပြီး တပ်မတော်ပစ်ခတ်စဉ်(အမျိုးသား) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ် (အမျိုးသမီး) ပစ်ခတ်စဉ်



တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယ ရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်လက်ဖြောင့် ပွဲစဉ်တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်(အမျိုးသား)ပွဲစဉ်(၂)တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဇူလိုင် ၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင် ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဘီးလင်းမြို့နယ်၌ ကဘဲ့အုတ်ဖို-အင်းဗျားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဇူလိုင် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကဘဲ့အုတ်ဖို-အင်းဗျားလမ်းကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေနွယ်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကဘဲ့အုတ်ဖို-အင်းဗျား ကတ္တရာလမ်း အရှည်မှာ ၁ ဒသမ ၀၀၆ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာနှင့် ဒု ၃၇၅ မီလီမီတာ ဖြစ်ပြီး ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၂၉၆ ဒသမ ၇၇၀ ဖြင့် ဘီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

# သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**တောင်ကြီး ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် သမဝါယမဦးစီးဌာန ဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ အသင်း လီမိတက်ဥက္ကဋ္ဌ ဒေါ်ဝင်းစိန်က ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို အသင်းမှ တာဝန်ရှိသူများက ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှဥက္ကဋ္ဌနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းစိန်မြို့နယ် တက်နေဝန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တက်နေဝန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၆ ရက်က တည်င်းကုန်းရပ်ကွက်ရှိအသင်းရုံးခန်း၌ ကျင်းပသည်။



ဦးစွာ တက်နေဝန်း ရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးမြမောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဝင်းထွန်းက အသင်းသား၊ အသင်းသူများ သက်သာချောင်ချိရေးနှင့် အသင်း၏ လုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးသည်။

ထို့နောက် အမှုဆောင်ဒါရိုက်တာ ဦးလှမြင့်က အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် အသင်းစာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားပြီး တက်ရောက်လာသည့် အသင်းသား အသင်းသူများက ထောက်ခံအတည်ပြုကာ အသင်းသား ၅၄၁ ဦးအတွက် အစုပေါ်ချီးမြှင့်ငွေကျပ် ၂၅၇၄၀၆၂ ဒသမ ၅၂ ကို ခွဲဝေပေးကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထွတ်မှ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား ယာယီစံကျောင်းတော်သို့ ပင့်ဆောင်



တောင်ငူ ဇူလိုင် ၂၀

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ခြင်း၊ သန့်စင်ခြင်း၊ ချေးချွတ်ခြင်း၊ စေတီတော်မြတ်ကြီးအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထွတ်မှ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဂန္ဓဝင်ကိုးခန်း သိမ်တော်ယာယီစံကျောင်းတော်သို့ ပင့်ဆောင်သည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးယဉ်ဌေး၊ ခရိုင်တရားသူကြီး ဦးမိုးကြည်မောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်၊ မြို့မိမြို့ဖများ၊ ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မရမ်းကျောင်းစာသင်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်သည်။ ထို့နောက် တာဝန်ရှိသူများသည် အလှူရှင် CB ဘဏ် မိသားစုမှ ပြန်လည်လှူဒါန်းထားသော ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထွတ်မှ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်၍ ဝင်းခင်းပြီး ဝေါယာဉ်ဖြင့် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် ပတ်ကာ ဂန္ဓဝင်ကိုးခန်းသိမ်တော် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ထားရှိသည်။ **ခရိုင် (ပြန်/ဆက်)**

## CLUB ပေါင်းစုံ မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများနှင့် ဆီးဂိမ်းမွေလက်ရည်စစ်ပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၂၀

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော CLUB ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများနှင့် ဆီးဂိမ်းမွေလက်ရည်စစ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ကျင်းပရာ သရေပွဲရှစ်ပွဲ၊ အနိုင်ပွဲသုံးပွဲ ထွက်ပေါ်ခဲ့သည်။

အဆိုပါ သုံးချီပြိုင်ပွဲများတွင် လမင်း (Smart Fight) နှင့် မိုက်ခဲလေး (Ray)၊ ရဲမင်းအောင် (Smart Fight) နှင့် မိုးကြိုး (နဂါးမာန်)၊ ထက်မြတ် (ဝမ်းဝမ်း )နှင့် ပြည့်ဖြိုးအောင်(ကျားဘုရင်)၊ ဇင်ဘိုအောင် (ငှက်အော်စမ်း) နှင့် ဝမ်းစတား (Ray)၊ နိုင်လင်းစိုး (MK 1) နှင့် နိုင်ဇင်ဦး (ကျားဘုရင်)၊ တိုက်မောင်း (အဖြူရောင်သွေးသစ်) နှင့် မျိုးဂျက်ခေါင်(ဝမ်းဝမ်း)၊ ငမိုက်သား (ငှက်အော်စမ်း) နှင့် စောမောင်ငယ်(ဝမ်းဝမ်း)၊ ကျော်နိုင်ထွန်း (အဖြူရောင်သွေးသစ်) နှင့် ကျားသစ်အောင်(MFC)တို့ပြိုင်ပွဲများတွင် လက်သီးတွဲလုံးများ၊ ထိုးလုံး၊ ထိုးပေါက်ကောင်းကြပြီး အလူအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

ထို့နောက် ကျော်မြတ်နိုင် (တော်ဝင်ရော) နှင့် ဟိန်းဝေစိုး (ငှက်အော်စမ်း) တို့ ပြိုင်ပွဲတွင် လက်ရည်မမျှ၍ ဟိန်းဝေစိုးကို အနိုင်ပေးလိုက်ပြီး ကောင်းထက်ဇော်(STL)က ရန်ပိုင်စိုး (YMA) ကို ဒုတိယအချီမှာ အလဲထိုးအနိုင်ရရှိသည်။

ထို့ပြင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် မွေလက်ရည်စစ်အမျိုးသမီးပြိုင်ပွဲတွင် Elizabsth (အဖွဲ့ချုပ်)က ရွှေသက်ထား (တော်ဝင်ရော) ကို အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမွေအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝဏ္ဏတို့က ရိုးရာလက်ဝှေ့ရေးပြဆုနှင့် မွေလက်ရည်စစ်အားကစားသမားတို့အား ငွေသားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

❑ *ကျောဖုံးမှ*

လက်ရွေးစင် အသင်းအပါအဝင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ကာ အာဆီယံ ပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်၊ သြစတြေးလျ၊ တီမောအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်-ယုကီတက်ဆုရို (ဂျပန်)၊ ကစားသမားများအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ အိစန္ဒာဇော် (ရောဂတီ)၊ နောက်တန်း – နှင်းပွင့်အေး၊ လင်းလဲ့ဦး၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ ဖြူဖွေး (ရန်ကုန်ယူနိုက်တက်)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း (ရောဂတီ)၊ ခင်မျိုးသန္တာထွန်း၊ ဆောင်းနှင်းဖွေး (ရှမ်းယူနိုက်တက်)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)၊ အလယ်တန်း-နော်ထက်ထက်ဝေ၊ ဖြူဖြူကျော် (ရောဂတီ)၊ ခင်မာလာထွန်း၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-စန်းသော်သော် (ရောဂတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်) နှင့် မေထက်လူ (LA Pierce ကောလိပ်- အမေရိကန်) တို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ယုကီသည် တရုတ်ခရီးစဉ်သို့ ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားပြီး မလေးရှားကလပ် ဆာဘားတွင် ကစားနေသည့် ဝင်းသီတာထွန်းမှာ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲမှသာ လာရောက် ပူးပေါင်းမည်ဖြစ်ကာ ဒဏ်ရာမှ ပြန်ကောင်းလာသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်း ပြန်လည်ပါဝင်လာသည်။

**မောင်ညီ၊ ဓာတ်ပုံ-သော်ကြီး**

✻ *ကျောဖုံးမှ*

အသင်းသည် တစ်ယောက်လျော့ ဂျာမနီအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာ၊ ခြေစွမ်းအသာဖြင့် တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ပြင်သစ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် ဆီမီးဖိုင်နယ် တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

ဂျာမနီအသင်းသည် ပြင်သစ်အသင်း၏ ဖိအားပေးမှုကြောင့် ပုံစံကောင်း ပျောက်ဆုံးခဲ့သော်လည်း တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်မှာ သာမန် ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရခြင်းဖြစ်သည်။




နာမည်ကြီး ပြင်သစ်အသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော ဂျာမနီအသင်းသည် အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး စပိန်အသင်းနှင့် လာမည့် ဇူလိုင် ၂၄ ရက်တွင် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ စပိန်အသင်းသည် ကွာတားဖိုင်နယ်တွင် အိမ်ရှင်ဆွစ်ဇာလန်အသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသည့် အသင်းဖြစ်သည်။ **အောင်ဇော်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရုရှားနိုင်ငံ ကမ်ချပ်ကာကျွန်းဆွယ် ကမ်းလွန်ပင်လယ်ပြင်၌ ပြင်းထန်သောငလျင်များ ဆက်တိုက်လှုပ်ခတ်မှု ဖြစ်ပွား

**ဗလာဒီဗော့စတော့ခ် ဇူလိုင် ၂၀**
ရုရှားနိုင်ငံ ကမ်ချပ်ကာကျွန်းဆွယ် ကမ်းလွန်ပင်လယ်ပြင်၌ ဇူလိုင် ၂၀ ရက် ညနေပိုင်းက ပြင်းထန်သောငလျင်များ ဆက်တိုက်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ အပြင်းထန်ဆုံးမှာ ပြင်းအား ၇ ဒသမ ၆ အဆင့်အထိ ရှိခဲ့ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ ဘူမိရူပဗေဒဆိုင်ရာ ပေါင်းစည်းဝန်ဆောင်မှု ကမ်ချပ်ကာဌာနခွဲက ၎င်းတို့၏ တယ်လီဂရမ်ချန်နယ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**စတင်စစ်ဆေးတော့မည်**


အထူးကျွမ်းကျင်သူများသည် ငလျင်ဒဏ်သင့်ဒေသများရှိ အဆောက်အအုံများကို မကြာမီအချိန်အတွင်း စတင်စစ်ဆေးတော့မည်ဖြစ်ကြောင်း အရေးပေါ်အာဏာပိုင်အဖွဲ့က ပြောသည်။ လက်ရှိအချိန်အထိ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုများနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများကို ထုတ်ပြန်ဖော်ပြထားခြင်း မရှိသေးပေ။

အဆိုပါ ငလျင်မှာ ကမ်ချပ်ကာနယ်မြေ၏ မြို့တော် ပေထရိုပါဗလော့ဗ်စခ်-ကမ်ချပ်စကီးမှ ၁၁၅ ကီလိုမီတာအကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ပညာရှင်များက အချက်အလက်များကို စိစစ်နေဆဲဖြစ်ကြောင်းနှင့် နောက်ထပ်ပြင်ဆင် ဖြည့်စွက်မှုများ ရှိလာနိုင်ကြောင်း သိရသည်။

**ထွက်ပြေးတိမ်းရှောင်ခဲ့ကြရ**

TASS သတင်းဌာန၏ ဖော်ပြချက်အရ ငလျင်လှုပ်ခတ်ချိန်မှာ တစ်မိနစ်ခန့်ကြာမြင့်ခဲ့ပြီး ဒေသခံများမှာ အဆောက်အအုံများမှ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက် အစောပိုင်းတွင် အဆိုပါ ဒေသ၌ ငလျင်နှစ်ကြိမ် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး တစ်ကြိမ်မှာ ပြင်းအား ၅ ဒသမ ၃ အဆင့်ရှိပြီး နောက် တစ်ကြိမ်မှာ ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ အပျော်စီးသင်္ဘောတိမ်းမှောက်မှုကြောင့် ၃၅ ဦး သေဆုံးပြီး လေးဦးပျောက်ဆုံး

**ဟန္နွိုင်း ဇူလိုင် ၂၀**
ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ကွမ်နင်ပြည်နယ် ဟာလောင်းပင်လယ်အော်တွင် အပျော်စီးသင်္ဘော တိမ်းမှောက်မှုကြောင့် ၃၅ ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၂၀ ရက်တွင် ပြောသည်။

ဇူလိုင် ၂၀ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကွမ်နင်ပြည်နယ် ပြည်သူ့ကော်မတီ၏ နောက်ဆုံး ထုတ်ပြန်ချက်များအရ ၁၀ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ သေဆုံးသူစာရင်းကိုယခင်က ၃၇ ဦးဟု ဖော်ပြခဲ့ပြီး နောက်ပိုင်းတွင် ၃၅ ဦးဟု ပြန်လည်ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ အဆိုပါ သင်္ဘောပေါ်တွင် ခရီးသည် ၄၆ ဦးကို တင်ဆောင်လာပြီး သင်္ဘောအမှုထမ်း သုံးဦးပါဝင်သည်ဟု သိရသည်။

၎င်းတို့အားလုံးမှာ ဗီယက်နမ်နိုင်ငံသားများဖြစ်ကြောင်း၊ အဆိုပါ သင်္ဘောသည် ပတ်ဝန်းကျင်ရှုခင်းများကို လှည့်ပတ်ကြည့်ရှုနေစဉ် ဇူလိုင် ၁၉ ရက်က တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည့်အတွက် ရှာဖွေမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**



# လော့စ်အိန်ဂျလိစ်မြို့၌ ကားတစ်စီးက လူအုပ်ကို ဝင်တိုက်မှုဖြစ်ပွား

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၀**
လော့စ်အိန်ဂျလိစ်မြို့ ဂီတပွဲကျင်းပသည့် နေရာပြင်ပတွင် ကားတစ်စီးက လူအုပ်ကို ဝင်တိုက်မိ၍ လူပေါင်း ၃၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။

အဆိုပါ ယာဉ်တိုက်မှုမှာ ဇူလိုင် ၁၉ ရက် နံနက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးသတ်တာဝန်ရှိသူများက ယင်းဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအနက် ခုနစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**




# အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် ဖြစ်ရပ်များကြောင့် ၁၈ ဦး သေဆုံး

**နယူးဒေလီ ဇူလိုင် ၂၀**
အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ လွန်ခဲ့သည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်ရပ်များကြောင့် ၁၈ ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသအများအပြားတွင် မုတ်သုံရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကြုံတွေ့နေရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်များ၊ ရေမြောင်းများနှင့် ဆည်များရေလျှံမှုဖြစ်ပွားကာ ကျေးရွာအများအပြား၌ ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့ရသည်။

ဘန်ဒီခရိုင် နင်ဝါရီယာတွင် အမြင့်ဆုံးမိုးရေချိန် ၂၃၄ မီလီမီတာဖြင့် စံချိန်တင်ထားသည်။ လာမည့်နှစ်ရက်အတွင်း မြောက်ပိုင်းပြည်နယ်များဖြစ်သည့် ဥတ္တရာခန်းနှင့် ဟီမာချယ်ပရာဒေ့ရှ်တို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**



# အာဖဂန်နစ္စတန်နိုင်ငံ၏ ကမ္ဘာအနှံ့ကုန်သွယ်မှုတွင် နိုင်ငံပေါင်း ၁၀၀ ကျော် တိုးချဲ့လာ

**ကဘူးလ် ဇူလိုင် ၂၀**
အာဖဂန်နစ္စတန်နိုင်ငံသည် ၎င်း၏နိုင်ငံတကာကုန်သွယ်မှုကို ချဲ့ထွင်ခဲ့ရာ ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် ကုန်သွယ်ရေးလုပ်ငန်းများ ထူထောင်ခဲ့ကြောင်း စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုသည် နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် ထူထောင်ထားရာ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံခန့်ရှိကြောင်း စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ယာယီဝန်ကြီး နူရူဒင်အာဇီဇီက ပြောကြားသည်။

ဝန်ကြီးဌာနသည် အာဖဂန်နိုင်ငံရှိ ပြည်နယ် ၃၄ ခု အနက် ၂၈ ခုတွင် ဖွံ့ဖြိုးရေးစီမံကိန်း ၈၅ ခုကို အကောင်အထည်ဖော်ခဲ့ပြီး လွန်ခဲ့သည့် ၁၂ လအတွင်း လူပေါင်း ၁၄၂၀၀၀ ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဝီဖာကြောင့် သုံးဦးသေဆုံး

**မနီလာ ဇူလိုင် ၂၀**
ဖိလစ်ပိုင်နိုင်ငံ၌ မကြာသေးမီရက်များအတွင်း တိုင်ဖွန်းမုန်တိုင်း ဝီဖာ (Wipha) ဝင်ရောက်တိုက်ခတ်မှုကြောင့် သုံးဦးသေဆုံးကာ လူပေါင်းသုံးသိန်းကျော် မုန်တိုင်းဒဏ် ခံစားခဲ့ရကြောင်း ဖိလစ်ပိုင် အာဏာပိုင်များက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၂၀ ရက် နံနက်ပိုင်းအထိ တိုင်ဖွန်းမုန်တိုင်း ဝီဖာနှင့် အနောက်တောင် မုတ်သုံလေတို့၏ အကျိုးဆက်ကြောင့် သုံးဦးဒဏ်ရာရရှိကာ သုံးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ် လျှော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီ (အင်န်ဒီအာအာအမ်စီ) က ပြောကြားသည်။

နိုင်ငံတစ်ဝန်း မုန်တိုင်းကြောင့် မိသားစု ၁၂၀၀၀၈ စုမှ လူပေါင်း ၃၇၀၂၈၉ ဦး ထိခိုက်ခဲ့ရကြောင်း (အင်န်ဒီအာအာအမ်စီ) က ဆက်လက်ပြောကြားသည်။

အနောက်တောင်မုတ်သုံလေကြောင့် နိုင်ငံတစ်ဝန်းရှိ ဒေသအများအပြားတွင် မိုးဆက်လက်ရွာသွန်းမည် ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသဌာနနှင့် အင်န်ဒီအာအာအမ်စီက ပြောကြားသည်။ **ဆင်ဟွာ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၉၀၈၂၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဇူလိုင် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ ချင်းတွင်းမြစ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ၂၇ ပီပါ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၅၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၇၀၀၀၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၃၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၇၄၅၂၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်၌ လူသတ် လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားသုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ဇူလိုင် ၁၉ ရက်က လူသတ် လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁) မီးသတ်စခန်းအနောက်ဘက် တောအတွင်း မီးသွေးဖိုအနီး၌ ကိုးရွာသပြေကုန်းကျေးရွာ လေးကျွန်းမဏ္ဍိုင်ဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးလှဝင်း (၇၄) နှစ်အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ တရားခံများ စိစစ်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဘုရားကုန်းမြို့မရဲစခန်း(ပ)၃၄/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

အမှုမှ တရားခံများ ဖမ်းဆီးရမိနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အခင်းမဖြစ်မီရက်များက အဆိုပါဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသည့် ကိုးရွာသပြေကုန်းကျေးရွာနေ နိုင်မင်းထွန်း(ခ)ဘိုဘို(၁၈)နှစ်၊ ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်(၁၇)နှစ်နှင့် ရေတာရှည်မြို့နယ် သရက်တောကျေးရွာနေ ဆန်းမင်းငြိမ်း(ခ)ပေါက်တူး(၂၇)နှစ်တို့ သုံးဦးအား မသင်္ကာသဖြင့် စစ်ဆေးခဲ့စဉ် လူသတ်လုယက်မှု ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှည်နှစ်ပေခန့်ရှိ ထင်းချောင်းနှစ်ချောင်း၊ VIVO အမျိုးအစား သက်သေခံဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သုံးဦးသည် ငွေကြေးလိုအပ်ချက်ကြောင့် ကပ္ပိယဖြစ်သူ ဦးလှဝင်းထံမှ ပိုက်ဆံများလုရန်တိုင်ပင်ပြီး ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီတွင် ဦးလှဝင်း၏ မီးသွေးဖိုအနီး ဝါးရုံပင်အောက်တွင် အရက်သေစာသောက်စားကာ စောင့်ဆိုင်း၍ ဦးလှဝင်းအား နိုင်မင်းထွန်း(ခ)ဘိုဘိုက အသင့်ယူလာသော ထင်းချောင်းဖြင့် ရိုက်နှက်ခဲ့ပြီး မှောက်လျက်လဲကျသွားသော ဦးလှဝင်းကို ဆန်းမင်းငြိမ်း (ခ) ပေါက်တူးက ဆွဲလှန်ပေးကာ နိုင်မင်းထွန်း(ခ)ဘိုဘိုနှင့် ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်တို့က ထင်းချောင်းများဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ဦးလှဝင်းကိုင်ဆောင်သော VIVO အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းနှင့် လွယ်အိတ်အတွင်းမှ ငွေကျပ် ၇၂၀၀၀ ကို လုယက်ယူဆောင်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လူသတ်လုယက်မှုကျူးလွန်သူ နိုင်မင်းထွန်း(ခ)ဘိုဘို၊ ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်နှင့် ဆန်းမင်းငြိမ်း(ခ)ပေါက်တူးတို့ သုံးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ ဆီဘောက်ဆာယာဉ်တိမ်းမှောက် ကလေးငယ်နှစ်ဦးအပါအဝင် အမျိုးသားငါးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ဇူလိုင် ၁၉ ရက်က ဆီဘောက်ဆာယာဉ် တိမ်းမှောက်၍ ကလေးငယ်နှစ်ဦးအပါအဝင် အမျိုးသားငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၉၈ မိုင် ၇ ဖာလုံနှင့် ၈ ဖာလုံအကြား အင်္ဂဘိုကျေးရွာ ဘုန်းကြီးကျောင်းအနီး၌ ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်ကြောင်း သတင်းအရ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ဘားအံမြို့နယ် လှကဒေါင်ကျေးရွာနေ စိန်သန်းဦး (၃၂)နှစ်မောင်းနှင်ပြီး သထုံမြို့ ဘင်လှိုင်ရပ်ကွက်နေ သန်းထွန်းဦး (၂၆)နှစ်နှင့် သာယာဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ ဇင်မျိုးဇော်(၂၄)နှစ်တို့ လိုက်ပါလာသည့် KYN-4 2C---- NISSAN ခဲရောင်(၂၂)ဘီး ဆီဘောက်ဆာယာဉ်သည် ရန်ကုန်မြို့ဘက်မှ ဘားအံမြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း စိန်သန်းဦးပါအမျိုးသားသုံးဦးနှင့် လမ်းဘေးတွင် လမ်းလျှောက်နေသော အင်္ဂဘိုကျေးရွာနေသူများဖြစ်ကြသည့် မောင်ထက်ပြည့်စုံဝင်း(၁၄)နှစ်နှင့် မောင်ရဲပိုင်ထွေး(၁၅)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် စိန်သန်းဦးအား ကျိုက်ထိုမြို့မရဲစခန်းယာဉ်(ပ)၉/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၂၇၉/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “yaminLove” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်နေ ယမင်း(ခ)လင်းလင်းအား ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝမ်းတွင်းမြို့နယ်၌ ရထားသံလမ်းပေါ်အိပ်နေသည့် အမျိုးသားနှစ်ဦး ရထားကြိတ်ခံရ၍ သေဆုံး

**နေပြည်တော် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဇူလိုင် ၁၉ ရက်က ရထားသံလမ်းပေါ်အိပ်နေသည့် အမျိုးသားနှစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် နံနက် ၄ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ် ရထားလမ်း မိုင်တိုင်အမှတ်(၃၂၂/၈)၌ အမျိုးသားနှစ်ဦး ရထားကြိတ်ခံရ၍သေဆုံးကြောင်း သတင်းအရ ဝမ်းတွင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် သဲတောဘူတာရုံမှ တာဝန်ရှိသူတို့က သွားရောက်စစ်ဆေးခဲ့ရာ ရထားအမှတ် 924 အစုန်ရထားသည် သဲတောဘူတာမှ ရန်ကုန်ဘက်သို့မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ရထားသံလမ်းပေါ်အိပ်နေသော သဲတော(၃)ရပ်ကွက်နေသူများ ဖြစ်ကြသည့် ဝေလာ(၃၅)နှစ်နှင့် စိုးသက်အောင်(၃၃)နှစ်တို့နှစ်ဦးအား ကြိတ်မိခဲ့၍ ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဝေလာနှင့် စိုးသက်အောင်တို့အား ဝမ်းတွင်းမြို့မရဲစခန်း (ပ)၈၄/၂၀၂၅၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ရွာတောကျေးရွာရှိ တောင်သူများ၏ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် ပေါ်ဆန်းစပါးမျိုး ပျိုးထောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သီးနှံစိုက်ပျိုးမြေများကို ပလပ်မြေမထားဘဲ နွေ၊ မိုး၊ ဆောင်း ရာသီပြည့်သီးနှံများစိုက်ပျိုးနိုင်ရေး၊ မိုးစပါးစိုက်ကွင်းများတွင် ပေါင်းမြက်များ အချိန်မီရှင်းလင်းနိုင်ရေး၊ မိုးစပါးစိုက်ခင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျဆောင်ရွက်ထားရှိရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ သီးထပ်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် အထွက်တိုး မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသမျှ သီးနှံများအား သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် တာဝန်ရှိသူများသည် နွေစပါး ထိုင်းနံ့ကောက်စပါး ရိတ်သိမ်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စပါးစိုက်တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများ မှန်ကန်အောင် ဆောင်ရွက်နိုင်ရေး၊ သဘာဝမြေဆွေးများ ပြုလုပ်ပြီး လယ်ယာမြေများအတွင်း ထည့်သွင်းအသုံးပြုစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်ထွက်ရှိနိုင်ရေး၊ ရိတ်သိမ်းခြွေလှေ့စက် အသုံးပြု၍ စပါးရိတ်သိမ်းရာတွင် စပါးလေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ရိတ်သိမ်းရန်နှင့် သီးထပ်စွမ်းအား တိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## စွမ်းဆောင်ရှင်ဈေးသမအသင်း အခွန်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး



**မော်လမြိုင် ဇူလိုင် ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ စွမ်းဆောင်ရှင် ဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၈ ရက်က မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်ရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ရွှေနှင်းဆီက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြတ်မြတ်မွန်က အခွန်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် အသင်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြု၍ အသင်းသား ၅၀ ၏ အစုအပေါ် အမြတ်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## လှိုင်သာယာ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့်ပြိုင်ပွဲများကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူက ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် အာဇာနည်နေ့အထိမ်းအမှတ်ဆိုင်ရာ ပန်းချီ၊ စကားပုံဆက်နှင့် ကဗျာအပါအဝင် စာပေပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများအား မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေဘေးအန္တရာယ်ကြုံတွေ့ပါက တုံ့ပြန်နိုင်ရေးအသိပညာမျှဝေ

**ငပုတော ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ကျေးရွာများသို့ ဆက်သွယ်သွားလာနေကြသည့် ဈေးရပ်ကွက် သင်္ဘောဆိပ်နှင့် ကူးတို့ဆိပ်များတွင် ဇူလိုင် ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးမင်းအောင် ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက ရေလမ်းခရီးအား အသုံးပြုနေကြသည့် ခရီးသွားပြည်သူများအား ရေဘေးအန္တရာယ် ကြုံတွေ့ပါက အသက်ကယ်အင်္ကျီများ စနစ်တကျ



ဝတ်ဆင်ပုံ၊ နီးစပ်ရာတွင် အသုံးပြုနိုင်သည့် အသက်ကယ်ပစ္စည်းများဖြင့် ဘေးအန္တရာယ်အားတုံ့ပြန်ဆောင်ရွက်နိုင်စေရေး အသိပညာပေး ဆောင်ရွက်သည်။

ငပုတောမြို့နယ်၌ တပ်ဖွဲ့ဝင် ၃၅ ဦး ပါဝင်သော ရှာဖွေကယ်ဆယ်ရေးတပ်စု တစ်စု ဖွဲ့စည်းထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြော

**တောင်ငူ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဧယျာသီရိ အမျိုးသမီးကလေးများ ဖွံ့ဖြိုးစောင့်ရှောက်ရေး ပရဟိတဂေဟာ၌ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန္တာထွေး ဦးဆောင်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။



ထိုသို့ကျင်းပရာတွင် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာထွေးနှင့် တောင်ငူခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက တောင်ငူမြို့ ဧယျာသီရိ အမျိုးသမီးကလေးများ ဖွံ့ဖြိုးစောင့်ရှောက်ရေး ပရဟိတဂေဟာမှ ကလေးငယ်များအား ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်ကို ရောင်းချခြင်း၊ ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေခြင်း၊ ကလေးသူငယ် ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်းနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လင်းခေးမြို့နယ်၌ ဝန်ထမ်းပေါင်းစုံ သမအသင်း နှစ်ပတ်လည်စည်းဝေး

**လင်းခေး ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ယခုဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် (နွယ်ဝတီ)ခန်းမ၌ ကျင်းပရာ လင်းခေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဦးမြဝင်းက အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက ဘဏ္ဍာရေးဆိုင်ရာများ ရှင်းလင်းအတည်ပြုကြသည်။ အခမ်းအနားသို့ အသင်းအသား အသင်းသူ ၅၀၀ တက်ရောက်ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## ရွာသာကုန်း ဇီးပင်ကွင်း - လက်ခုပ်ပင်လမ်းအား ကွင်းဆင်းကြည့်ရှု

**သာယာဝတီ ဇူလိုင် ၂၀**

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နတ်တလင်းမြို့နယ်အတွင်း ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြေသက်တင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် ရွာသာကုန်း- ဇီးပင်ကွင်း - လက်ခုပ်ပင်လမ်းအရှည် ၁ ဒသမ ၆၅၇ ကီလိုမီတာအား လိုအပ်သော လမ်းအကျယ်ရရှိအောင် မြေသားတာပေါင်ချဲ့ရန်၊ လမ်းအနိမ့်အမြင့်မြေညှိရန် ၅ ဒသမ ၄၉ မီတာအကျယ် ၂၀၀ မီလီမီတာ ဒုမြေနီကျောက်စရစ်ခင်းခြင်း၊ တင်ဒါအောင်မြင် ငွေကျပ် ၁၂၆ ဒသမ ၄၇၃ သန်း လုပ်ငန်းကို ဇူလိုင် ၁၈ ရက်က သာယာဝတီခရိုင်ကျေးလက်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊



ဦးသန်းမြတ်စိုးနှင့် မြို့နယ်ဦးစီးတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၀

အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲနှင့်သရုပ်ပြပွဲကို ဇူလိုင် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးက အမှာစကားပြောကြားပြီး ကုန်ထုတ်ဓာတုဗေဒဌာနပါမောက္ခဒေါက်တာမိုးမိုးမြင့်ဇော်က အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရန် သရုပ်ပြသခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မေးခွန်းများဖြေဆိုကာ လက်တွေ့အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခဲ့ကြကြောင်း သိရသည်။ ဇင်မင်းထိုက်(ထန်းတပင်)



## မိတ္ထီလာ-သာစည်လမ်းနှင့် ဂုံကုန်းကျေးရွာဆက်လမ်းပေါ်၌ ကွန်ကရစ်တံတားတည်ဆောက်

မိတ္ထီလာ ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ယခုဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေး



အဖွဲ့(ရုံးချုပ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာ-သာစည်လမ်းမှ ဂုံကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းပေါ်ရှိ ပေ ၈၀ ကွန်ကရစ်တံတား(ဒုတိယပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ဇူလိုင် ၁၈ ရက်က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အဆိုပါတံတားမှာ အကျယ် ပေ ၂၀၊ အရှည်ပေ ၈၀ ရှိပြီး ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၈၆၀၀၀ သန်း အကုန်အကျခံတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## လပွတ္တာမြို့နယ်၌ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးထောင်ခြင်း အခမ်းအနားကျင်းပ

လပွတ္တာ ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရှမ်းစုကျေးရွာ ကွင်းအမှတ်(၁၆/၂) ဦးပိုင်အမှတ်-၅၈၂ တောင်သူ ဦးကိုရှင်၏ လယ်မြေတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးကို ပျိုးဗန်းဖြင့်ပျိုးထောင်ခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးအောင်က ပျိုးဗန်းဖြင့် ပျိုးထောင်ထားခြင်းကြောင့်



လုပ်အားနှင့် အချိန်သက်သာခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် လပွတ္တာမြို့နယ် အောက်ချောင်းကျေးရွာ တောင်သူ ဒေါ်ရင်ရွှေ၏ လယ်မြေခုနစ်ဧကတွင် သဲကုန်းကျေးရွာ တောင်သူဦးမြင့်နိုင်၏ လယ်မြေသုံးဧကတွင် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (C.S) ထုတ်လုပ်ရန် ပေါ်ဆန်းရင်စပါးမျိုး စိုက်ပျိုးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရင်မော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှိုင်းဘွဲမြို့နယ်၌ ကတ္တရာလမ်းအဆင့်မြှင့်တင်

ဘားအံ ဇူလိုင် ၂၀

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ ဇူလိုင် ၁၆ ရက်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၀၇ ဒသမ ၀၂၄ သန်းဖြင့် ရေပူ-ထီးဖိုးကိန်-နောင်မြလွဲကျေးရွာချင်းဆက်လမ်း မြေလမ်းမှ ကတ္တရာလမ်းခင်းခြင်းကို ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)တာဝန် ဒေါ်ဝင်းဝင်းသန်းနှင့် ရုံးချုပ်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန၊ (ပြည်နယ်တာဝန်ခံ) တို့မှ ကွင်းဆင်းစစ်ဆေးသည်။ ခရိုင်(ပြန်/ဆက်)



## ဘားအံမြို့နယ်၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး



ဘားအံ ဇူလိုင် ၂၀

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဇူလိုင် ၁၅ ရက်က ဘားအံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်ဝင်းဝင်းခိုင်နှင့် ဘားအံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးခွန်အေးဝင်းနှင့် တာဝန်ရှိသူများက ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၇ ဒသမ ၃၇၄ သန်းဖြင့် တောင်ကလေးကွက်သစ်၊ အမှိုက်ကန်အဝင်လမ်း ကွန်ကရစ်ခင်းခြင်းကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## (သထုံ)၌ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

သထုံ ဇူလိုင် ၂၀

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတဖွံ့ဖြိုးစေရေး ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ဇူလိုင် ၁၇ ရက်က လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်တိုင်းရင်းဆေးရုံအုပ်ကြီး ဦးဇော်မိုးထွေးက တိုင်းဆေးပညာအရ ကာ၊ စိတ်၊ ဥတု၊ အာဟာရတို့ ညီညွတ်မျှတအောင် နေထိုင်ခြင်းနည်းလမ်းများ၊ တိုင်းရင်းဆေးကျမ်းများအရ ကျန်းမာရေးကောင်းသူတစ်ဦး၏ လက္ခဏာများ တစ်ကိုယ်ရေကျန်းမာရေးအတွက် စောင့်ထိန်းလိုက်နာသင့်သည့် နေထိုင်စားသောက်ခြင်းများ စသည့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် သထုံခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်အိသွယ်မိုး၊ ခရိုင်တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် တိုင်းရင်းဆေးပညာရှင်တို့က တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တာဝန်ရှိသူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစစ်ဆေးခြင်း ကုသပေးခြင်းတို့ကို ပြုလုပ်ပေးကြသည်။

ခရိုင်(ပြန်/ဆက်)



## ခရမ်းမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ခရမ်း ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက်က ပဲခူး-သနပ်ပင်- ခရမ်း- သုံးခွလမ်း (မိုင်တိုင်အမှတ် ၃၉-၄၀ကြား) တွင် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ခရမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၀၀ တက်ရောက်ကြပြီး အမြင့် နှစ်ပေနှင့်အထက်ရှိ မဟော်ဂနီပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မန်ကျည်းပင် ၈၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀ အား စိုက်ပျိုးကြောင်း သိရသည်။ ခရမ်း(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) နှစ်ပတ်လည်အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေးကျင်းပ



**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)(MRESA) ၏ အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး(2025- AGM) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ SKY STAR Hotel ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ MRESA ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အာဆီယံအိမ်ခြံမြေအသင်းချုပ် (ARENA) အထွေထွေအတွင်းရေးမှူးချုပ် Mr.Soma Sundram၊ ထိုင်းအိမ်ခြံမြေအသင်း(TREBA) ဥက္ကဋ္ဌ Mr. Prawit Amusari၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ MRESA ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ CEC, EC များနှင့် အသင်းသူ အသင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

ထို့နောက် MRESA ဥက္ကဋ္ဌ ဦးခင်မောင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး MRESA 2025-AGM ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်းက ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ ARENA အထွေထွေအတွင်းရေးမှူးချုပ် Mr.Sima နှင့် TREBA ဥက္ကဋ္ဌ Mr.Prawit တို့က ဝမ်းမြောက်မင်္ဂလာစကားပြောကြားကြသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဦးသိန်းလှညိုက အမှာစကားပြောကြားပြီး အသင်း(ဗဟို) ဘဏ္ဍာရေးမှူး ဒေါ်ဝင်းဝင်းသန်းက နှစ်ပတ်လည်စာရင်းစစ် အစီရင်ခံစာ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ MRESA (ဗဟို) မှ ဖွဲ့စည်းထားသော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဥက္ကဋ္ဌများအား ကြွရောက်လာသူများနှင့် မိတ်ဆက်ပေးပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အသင်းများကို စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## သုံးခွမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**သုံးခွ ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို သမဝါယမအသင်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မာမာစီက ဖတ်ကြားတင်ပြခြင်းနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို အသင်းစာရင်းစစ် ဦးစိန်ညွန့်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်းဝင်ကိုယ်စားလှယ်များက သဘောတူကြသဖြင့် သဘာပတိက အတည်ပြုပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးက အခြေခံသမဝါယမအသင်းများသို့ အစုပေါ် အမြတ်နှင့် စက်ကိရိယာ အမြတ်ငွေကျပ် ၂၇၈၇၇၉၄ သိန်းကို ပေးအပ်ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဝါကောက်ယူနေမှုများအား ကွင်းဆင်းစစ်ဆေး

**မြစ်သား ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင်ငွေနှင့် မြို့နယ်သမဝါယမအသင်းစုပိုင်ငွေတို့ဖြင့် စိုက်ပျိုးထားသည့် မြိုင်ကုန်းကျေးရွာရှိ မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်ခိုင်ဦး၊ အသင်းသားတောင်သူ ဦးထွန်းငွေနှင့် အသင်းသား တောင်သူ ဦးရွှေမန်းတို့ စိုက်ပျိုးထားသည့် Rakka 999 ခါးဇက်မျိုး မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဝါကောက်ယူနေမှုများကို ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် ဒေသခံအသင်းသားတောင်သူများ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



## သာကေတမြို့နယ် ရွှေမြန်မာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရွှေမြန်မာရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က အဆိုပါ သမဝါယမအသင်းပိုင် အဆောက်အအုံ၌ ကျင်းပသည်။

ဦးစွာ ရွှေမြန်မာရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးစံမြိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက သမဝါယမလုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ရွှေမြန်မာရောင်းဝယ်ရေး သမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးလှိုင်က လည်းကောင်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာကို အသင်းသားစာရင်းစစ် ဦးတင်မောင်ရီကလည်းကောင်း ဖတ်ကြားပြီး အတည်ပြုချက်များ ရယူခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်

**ရမည်းသင်း ဇူလိုင် ၂၀**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်ကို ဇူလိုင် ၁၈ ရက်က ဆောင်ရွက်သည်။**(အောက်ပုံ)**

အဆိုပါ အစီအစဉ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးနှင့် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာထွန်းတို့က ရေဘေးမဖြစ်ခင် ကြိုတင်ပြင်ဆင်ရန်၊ ရေဘေးဖြစ်လာပါက ရွှေ့ပြောင်းသင့်သည့်နေရာများကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ သောက်သုံးရေကြိုတင်သိုလှောင်ထားရှိရန်၊ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်သည့် မိုးလေဝသသတင်းများ နားထောင်ကြရန်နှင့် ရေဘေးဖြစ်ပွားပြီးပါက ဆောင်ရန်၊ ရှောင်ရန်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**




## ပန်းဘဲတန်းမြို့နယ်၌ သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် တိုးတက်အောင်ဆောက်လုပ်ရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးတင်မောင်နီက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အသင်း၏အမှုဆောင်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးနှစ် ရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင် ဦးမောင်မောင်ထက်ဝင်းက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူဒေါ်သန္တာက ထောက်ခံအဆိုပြု၍ အသင်းသားများမှ သဘောတူ အတည်ပြုခဲ့ကြသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများအား အစုပေါ်အမြတ်များ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**ဖြူဖြူဝင်း(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း နှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

လာမည့် ဇူလိုင် ၂၃ ရက်နဲ့ ၂၄ ရက်နံနက်ပိုင်းမှာ အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ထိပ်တန်းအသင်းကြီးတွေ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်တွေဖြစ်တာကြောင့် လက်မလွတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**အမျိုးသမီးယူရိုပြိုင်ပွဲဆီမီးဖိုင်နယ်**

အင်္ဂလန် – အီတလီ
ဂျာမနီ – စပိန်

# အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ အမှားနည်းတဲ့အသင်းသာ ဗိုလ်လုပွဲတက်လှမ်းဖွယ်ရှိ

## အင်္ဂလန် VS အီတလီ နံနက် ၁း၃၀



အယ်လာတိုနေ (၂၅ နှစ်)
အင်္ဂလန်(ကွင်းလယ်တိုက်စစ်)
လေးပွဲကစား၊ နှစ်ဂိုးသွင်း

အင်္ဂလန်အမျိုးသမီးအသင်းမှာ တိုနေ၊ ဂျိမ်းစ်၊ စတန်ဝေးစတဲ့ ထိပ်တန်းအဆင့်ကစားသမားတွေရှိသလို အီတလီအသင်းမှာလည်း ဂီရယ်လီ၊ ဂါရူဆို၊ အိုလီဗီယာယိုတို့လို အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေရှိတယ်။

အီတလီရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် တိုက်စစ်ထက်မြက်ပြီး ခံစစ်တည်ငြိမ်တဲ့ အင်္ဂလန်အသင်းကို အနိုင်ရဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရဖွယ်ရှိတယ်။ သို့သော်လည်း ခြေစွမ်းထက်တဲ့အသင်းထက် အမှားနည်းတဲ့အသင်းသာ အမျိုးသမီးယူရိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းသွားဖွယ်ရှိတယ်။

| အင်္ဂလန်ရဲ့နောက်ဆုံးသုံးပွဲရလဒ် | အီတလီရဲ့နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| အင်္ဂလန် ၄ – ၀ နယ်သာလန် | ပေါ်တူဂီ ၁ – ၁ အီတလီ |
| အင်္ဂလန် ၆ – ၁ ဝေးလ် | အီတလီ ၁ – ၃ စပိန် |
| ဆွီဒင် ၂ – ၂ အင်္ဂလန် | နော်ဝေ ၁ – ၂ အီတလီ |



ခရစ္စတီးနားဂီရယ်လီ (၃၅ နှစ်)
အီတလီ (တိုက်စစ်)
လေးပွဲကစား၊ သုံးဂိုးသွင်း

## ဂျာမနီ VS စပိန် နံနက် ၁း၃၀



ဂျူလီဘရန်း (၂၂ နှစ်)
ဂျာမနီ(ကွင်းလယ်တိုက်စစ်)
လေးပွဲကစား၊ နှစ်ဂိုးသွင်း

ဂျာမနီက ကမ္ဘာ့အဆင့် (၃) မှာ ရပ်တည်နေပြီး စပိန်က ကမ္ဘာ့အဆင့် (၂) မှာ ရပ်တည်နေတယ်။ လတ်တလောခြေစွမ်းအရ ဂျာမနီအသင်းထက် စပိန်အသင်းရဲ့ ခြေစွမ်းက အတော်လေး ထက်မြက်မှုရှိတယ်။


စပိန်အသင်းက ယူရိုလေးပွဲကစားပြီး သွင်းဂိုးက ၁၆ ဂိုးအထိ သွင်းယူထားချိန်မှာ ဂျာမနီအသင်းက လေးပွဲကစားပြီး ခြောက်ဂိုးသာ သွင်းယူထားနိုင်တယ်။ မည်သို့ပင်ဆိုစေ ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ဂွန်ဇာလက်ဇ်၊ ပူတယ်လပ်စ်၊ ကက်စတယ်လိုတို့ရှိတဲ့ စပိန်အသင်းကို ဂျာမနီအသင်း အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။

| ဂျာမနီရဲ့နောက်ဆုံးသုံးပွဲရလဒ် | စပိန်ရဲ့နောက်ဆုံးသုံးပွဲရလဒ် |
|---|---|
| ဂျာမနီ ၂ – ၁ ဒိန်းမတ် | စပိန် ၆ – ၂ ဘယ်လ်ဂျီယံ |
| ဆွီဒင် ၄ – ၁ ဂျာမနီ | အီတလီ ၁ – ၃ စပိန် |
| ပြင်သစ် ၁ – ၁ ဂျာမနီ | စပိန် ၂ – ၀ ဆွစ်ဇာလန် |



ပူတယ်လပ်စ် (၃၁ နှစ်)
စပိန် (ကွင်းလယ်တိုက်စစ်)
လေးပွဲကစား၊ သုံးဂိုးသွင်း

## နောက်ဆုံးရ အားကစားသတင်းတိုများ



- အင်္ဂလန်တောင်ပံကစားသမား ဂျေဒန်ဆန်ချို (၂၅ နှစ်) သည် မန်ယူအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ရန် နီးစပ်လာပြီ ဖြစ်သည်။
- လီဗာပူးအသင်းသည် ဖရန့်ဖတ် အသင်းမှပြင်သစ်တိုက်စစ်ကစားသမား ဟူဂိုအီကီတီကီ (၂၃ နှစ်) ကို ခေါ်ယူရန် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ပေါင် ၇၈ သန်းဖြင့် ကမ်းလှမ်းလိုက်သည်။
- အဲဗာတန်အသင်းမှ အင်္ဂလန်ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ် (၃၁ နှစ်) သည် လေးနှစ် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် နီးစပ်လာပြီ ဖြစ်သည်။
- ဂါလာတာစရေးအသင်းသည် မန်စီးတီးအသင်းမှ ဘရာဇီး ဂိုးသမား အီဒါဆင် (၃၁ နှစ်) အတွက် ပေါင် ၂ ဒသမ ၆ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းလိုက်သည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးတိုက်စစ်ကစားသမား လူးဝစ်ဒီယက်ဇ် (၂၈နှစ်) ကို ခေါ်ယူရန် နောက်တစ်ကြိမ် ကမ်းလှမ်းသွားဖွယ်ရှိသည်။

## ဝရက်ဇ်ဟမ်းအသင်းက အမ်ပိုလီခံစစ်ကစားသမား ကာကာဆီကို ခေါ်ယူ

ဝရက်ဇ်ဟမ်းအသင်းသည် အမ်ပိုလီအသင်းခံစစ်ကစားသမား လီဘာရာတို ကာကာဆီကို ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမားသည် အမ်ပိုလီအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။ အမ်ပိုလီအသင်းသည် ပြီးခဲ့သည့်ရာသီတွင် စီးရီးအေမှ တန်းဆင်းခဲ့ရသည့်အသင်း ဖြစ်သည်။

ကာကာဆီသည် ဝရက်ဇ်ဟမ်းအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။





## ဝက်စ်ဟမ်းက ခံစစ်ကစားသမား ဝေါ်ကာပီတာစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ

ဝက်စ်ဟမ်းအသင်းသည် ခံစစ်ကစားသမား ကိုင်လီဝေါ်ကာပီတာစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

အင်္ဂလန်အသင်းအတွက် နှစ်ပွဲပါဝင်ကစားထားသော အသက် ၂၈ နှစ်အရွယ် ဗဟိုခံစစ်ကစားသမား ပီတာစ်သည် ဝက်စ်ဟမ်းအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ စပါးအသင်းတွင် ကစားသမားဘဝစတင်ခဲ့သော ပီတာစ်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အငှားဖြင့် ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

၎င်းသည် ဆောက်သမ်တန်အသင်းအတွက် ပွဲပေါင်း ၂၀၂ ပွဲပါဝင်ကစားထားသည်။ ၎င်းသည် စာချုပ်သက်တမ်းကုန်ဆုံးပြီး ဆောက်သမ်တန်နှင့် လမ်းခွဲထားသူ ဖြစ်သည်။



## ပါရီအိုလံပစ်ချန်ပီယံ ရှောင် ခွဲစိတ်မှုခံယူပြီးနောက် ဒဗလျူတီအေပြိုင်ပွဲများမှ ခေတ္တအနားယူမည်

အိုလံပစ်ချန်ပီယံ ကွင်ဝင်ရှောင်သည် ညာဘက်တံတောင်ခွဲစိတ်ကုသမှုခံယူပြီးနောက် ဒဗလျူတီအေပြိုင်ပွဲများမှ ခေတ္တအနားယူမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကမ္ဘာ့အဆင့် (၆) တွင် ရပ်တည်နေသည့် အသက် ၂၂ နှစ်အရွယ် တရုတ်တင်းနစ်မယ်ရှောင်သည် မကြာသေးမီက ယှဉ်ပြိုင်ကစားပြီးခဲ့သည့် ဝင်ဘယ်ဒန်ပြိုင်ပွဲ ပထမအဆင့်တွင် ချက်ဇ်တင်းနစ်မယ် ဆီနီယာကိုဗာနှင့်တွေ့ဆုံခဲ့ပြီး ၅–၇၊ ၆–၄၊ ၁–၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူ ဖြစ်သည်။

၎င်းသည် ၂၀၂၄ ခုနှစ်က ပါရီအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဆုရရှိထားသော်လည်း ဂရင်းဆလမ်းဆုဖလားကို ဆွတ်ခူးထားနိုင်ခြင်း မရှိသေးပေ။ သို့သော်လည်း ၂၀၂၄ ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ဗိုလ်လုပွဲနှင့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးရှစ်ဦးအဆင့်သို့ တက်လှမ်းထားနိုင်သည်။

## ဆဲလ်တစ်က တိုက်စစ်ကစားသမား ယာမာဒါကို ခေါ်ယူ



ဆဲလ်တစ်အသင်းသည် ဂျေလိဂ်ကလပ် ကာဝါဆာကီဖရွန်တေးလ်အသင်းမှ ဂျပန်တိုက်စစ်ကစားသမား ရှင်ယာမာဒါကိုလေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၅ နှစ် အရွယ် အဆိုပါ တိုက်စစ်ကစားသမားသည် ပြီးခဲ့သည့်ရာသီတွင် အသင်းအတွက် ၃၈ ပွဲပါဝင်ကစားထားပြီး ၁၉ ဂိုး သွင်းယူပေးထားသည်။

■ မိုးဇက်–စုစည်းရေးသားသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9 (Unit-3)

### Section (A) Listening

I. Choose whether each statement is True or False. (5 marks)

1. People who are fond of outdoor activities should choose Indawgyi Lake as their holiday destination. (1) ..............
2. Indawgyi Lake was thoroughly explored before being designated as a wildlife sanctuary. (2) ..............
3. We can do hunting wild animals around Indawgyi Lake. (3) ..............
4. We can do fishing everywhere in Indawgyi. (4) ..............
5. Indawgyi Lake is a peaceful place. (5) ..............

### Section (B) Reading

II. Complete the sentences with suitable adverb clauses of reason provided in the box. (5 marks)

| |
|---|
| because you had cheated him. |
| because I didn't have the money. |
| because he hasn't completed his work. |
| because we saw the accident ourselves. |
| because he wants to post a letter. |
| because you did not water them. |
| because she bullied her little brother. |
| because it was very hot. |
| because you did not call me. |
| because he wants to hear the news. |

1. Your plants have withered (1) ..............
2. John isn't allowed to go out (2) ..............
3. I did not come (3) ..............
4. Jane was punished (4) ..............
5. David was angry with you (5) ..............
6. We know what actually happened (6) ..............
7. My father switches on the radio (7) ..............
8. Ali is going to the post-office (8) ..............
9. He couldn't drink the soup (9) ..............
10. I didn't buy the dress (10) ..............

### Section (C) Writing

III. Supply the correct form of the words given in brackets. (10 marks)

1. Indawgyi Lake has become increasingly ........... (**popular**) with adventure lovers.
2. Kayaking and trekking around the lake provide a lot of ........... (**excite**).
3. The lake is a haven of ........... (**peace**) and quiet.
4. Tourists can go trekking in the ........... (**surround**) hills.
5. Cycling along the lake in the morning is an ........... (**forget**) experience.
6. Thousands of ........... (**migrate**) birds come to the lake in winter.
7. Some areas are ........... (**prohibit**) from fishing to protect wildlife.
8. The lake's beauty makes it highly ........... (**attract**) to tourists.
9. Despite being Myanmar's largest lake, Indawgyi remains largely ........... (**explore**).
10. The wildlife sanctuary was created for the ........... (**protect**) of endangered birds.
11. In 1999, the lake was ........... (**designate**) as a wildlife sanctuary.
12. The sanctuary helps conserve ........... (**endanger**) species.

**Answer Keys**

I. 1. True 2. False 3. False 4. False 5. True

II. 1. because you did not water them.
2. because he hasn't completed his work.
3. because you did not call me.
4. because she bullied her little brother.
5. because you had cheated him.
6. because we saw the accident ourselves.
7. because he wants to hear the news.
8. because he wants to post a letter.
9. because it was very hot.
10. because I didn't have the money.

III. 1. popular 2. excitement 3. peace 4. surrounding 5. unforgettable 6. migratory 7. prohibited 8. attractive 9. unexplored 10. protection 11. designated 12. endangered

## Grade-10 (Unit-3)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. We use the 26 letters of the English a............. to write words.
2. To write numbers, we use the Arabic n..............
3. The word z............. means "nothing."
4. Without zero, we would need a special numeral for t..............
5. The number 100 is written with two z............. after 1.
6. In a sense, "0" means "10 t............. of a number."
7. Roman numerals do not have a z..............
8. The Roman numeral X stands for t..............
9. The Roman numeral C equals one h..............
10. Roman numerals are not s............. to use for big numbers.
11. In the real number system, zero is neither p............. nor negative.
12. On the coordinate a............., zero is at the center.

**Answer Keys**

I. 1. alphabet 2. numerals 3. zero 4. ten 5. zeros 6. times 7. zero 8. ten 9. hundred 10. simple 11. positive 12. axes

## Grade-11 (Unit-3)

I. Complete the exchanges, using the expressions given in the box. There is an extra. (5 marks)

| |
|---|
| Any favourite artists? |
| I'm very hungry. |
| Is it available? |
| Do you have any recommendations? |
| We're overjoyed and grateful for your wishes. |
| We're glad to have you here. |

A : I'm interested in renting a house in this area. ....... (1) ........

B : Yes, it is. Let me show you around and discuss the details.

A : Welcome to our neighbourhood! ....... (2) ........

B : Thank you! I'm excited to be a part of this community.

A : I'm looking for a new lipstick. ....... (3) ........

B : Absolutely! Let me show you some popular shades and brands.

A : Congratulations on the arrival of your precious baby! She's adorable.

B : Thank you so much! ....... (4) ........

A : What kind of music do you enjoy listening to? ....... (5) ........

B : I love a variety of genres, but lately, I've been into indie pop.

**Answer Keys**

I. 1. Is it available?
2. We're glad to have you here.
3. Do you have any recommendations?
4. We're overjoyed and grateful for your wishes.
5. Any favourite artists?

## Grade-12 (Unit-3)

I. Choose the appropriate words or phrases to complete the sentences. (10 marks)

1. Diet is the food we ............. regularly.
A. avoid B. consume C. grow
2. Nutrition is the process by which living things receive the food they need to ..............
A. sleep B. grow C. play
3. A nutritious diet is a mixture of all the ............. our body needs.
A. meals B. snacks C. nutrients
4. Diet and nutrition are strongly linked to ............. factors.
A. educational B. environmental C. financial
5. Grains like rice and wheat provide ............. to our body.
A. fibre B. carbohydrates C. protein
6. Fruits and vegetables give us vitamins, minerals and ..............
A. sugar B. oil C. fibre
7. Beans, meat, fish and eggs are rich in ..............
A. proteins B. cholesterol C. fat
8. Nuts, milk and seafood give us healthy ............. acids.
A. fatty B. spicy C. salty
9. A balanced diet includes a variety of ..............
A. clothing B. foods C. drinks
10. Lack of essential nutrients can cause ..............
A. wealth B. strength C. ill health
11. A balanced diet helps strengthen our ............. system.
A. nervous B. immune C. muscular
12. Preventive medicine helps us stay ..............
A. tired B. unhealthy C. healthy

**Answer Keys**

I. 1. B 2. B 3. C 4. B 5. B 6. C 7. A 8. A 9. B 10. C 11. B 12. C

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ရှမ်းယူနိုက်တက်နှင့် လာအိုကလပ် EZRA အသင်း ဩဂုတ် ၉ ရက်၊ ၁၅ ရက် ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၅-၂၀၂၆ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲကို ဩဂုတ်လအတွင်း ပြုလုပ်မည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် လာအိုကလပ် EZRA အသင်းနှင့် တွေ့ဆုံနေကာ ဩဂုတ် ၉ ရက်၊ ၁၅ ရက်တွင် နှစ်ကျော့ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် EZRA (လာအို)၊ ဆီဘူး (ဖိလစ်ပိုင်) နှင့် ကာဆူကာ (ဘရူနိုင်း) တို့ တွေ့ဆုံနေပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲကို ဩဂုတ် ၉ ရက်တွင် အဝေးကွင်း၊ ဩဂုတ် ၁၅ ရက်တွင် အိမ်ကွင်းအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကစားရမည်ဖြစ်သည်။ လာအိုကလပ်အသင်းသည် အိမ်ကွင်းပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ထိုင်းနိုင်ငံ ချောင်ဘူရီကွင်း၌ လက်ခံကစားမည်ဖြစ်သည်။ လာအိုကလပ် EZRA အသင်းသည် ယခုရာသီတွင် ယှဉ်ပြိုင်ခွင့်ရထားသည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုစလုံး မြန်မာကလပ်များနှင့် တွေ့ဆုံနေပြီး AFC Challenge League ခြေစစ်ပွဲတွင်လည်း ရန်ကုန်ယူနိုက်တက်နှင့် ကစားရမည်ဖြစ်ရာ ခုနစ်ရက်အတွင်း မြန်မာကလပ်များနှင့် ခြေစစ်ပွဲ သုံးပွဲကစားရမည်ဖြစ်သည်။ အာဆီယံဘောလုံး အဖွဲ့ချုပ်သည် ယခင်က နောက်ဆုံးအဆင့်တွင် အသင်း ၁၄ သင်းဖြင့် ကျင်းပရန်



အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်း။

စီစဉ်ထားသော်လည်း အင်ဒိုနီးရှားကလပ်နှစ်သင်း နုတ်ထွက်သွားသဖြင့် ပြီးခဲ့သည့်ရာသီအတိုင်း ၁၂ သင်းဖြင့် ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲတွင် လေးသင်းယှဉ်ပြိုင်ကာ အနိုင်ရသည့် နှစ်သင်း နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည်။ ယင်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့် အုပ်စု (ခ) သို့ ကျရောက်မည်ဖြစ်ပြီး သက်ဆိုင်ရာလိဂ်ချန်ပီယံအများစုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ ဆီလန်ဂေါ (မလေးရှား)၊ ကောင်အန်ဟန္တိုင်း (ဗီယက်နမ်)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ခြေစစ်ပွဲတွင် ဆီဘူး (ဖိလစ်ပိုင်) နှင့် ကာဆူကာ (ဘရူနိုင်း) ပွဲမှ အနိုင်ရအသင်း၊ အုပ်စု (ခ) တွင် ဗန်ကောက်ယူနိုက်တက် (ထိုင်း)၊ ဂျိုဟိုဒါရူးလ် (မလေးရှား)၊ နမ်ဒင်း (ဗီယက်နမ်)၊ Lion City Sailors (စင်ကာပူ)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် EZRA (လာအို) ပွဲမှ အနိုင်ရအသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်ကြီး**

## Futsal Champion Cup 2025 ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် (ဒုတိယနေ့) ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

Futsal Champion Cup 2025 ပြိုင်ပွဲ ရှုံးထွက် (ဒုတိယနေ့) ပွဲစဉ်များကို ဇူလိုင် ၂၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ YRG အသင်း၊ VUC အသင်း၊ YCDC MHDT အသင်းနှင့် Winner Generations အသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။

ဒုတိယနေ့တွင် YRG အသင်းက 7 Brother အသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ VUC အသင်းက Gold Dream အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ YCDC MHDT အသင်းက ပြည့်စုံအသင်းကို သုံးဂိုးပြတ်၊ Winner Generations အသင်းက G-UPT အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုပြိုင်ပွဲတွင် ရေပန်းစားနေသည့်အသင်းများအနက် YRG အသင်းနှင့် YCDC MHDT အသင်းတို့မှာ ဂိုးပြတ်နိုင်ပွဲဖြင့် ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲအဖြစ် JZ Yangon အသင်းနှင့် TG United အသင်း၊ M2K အသင်းနှင့် MIU အသင်း၊ YRG အသင်းနှင့် VUC အသင်း၊ YCDC MHDT အသင်းနှင့် Winner Generations အသင်းတို့ တွေ့ဆုံနေပြီး ဇူလိုင် ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



VUC အသင်းနှင့် Gold Dream အသင်း ယှဉ်ပြိုင်စဉ်။

## လေးမျက်နှာမြို့နယ် ခတ္တူ-ဘိသလွန်-ကရင်တော-ကတက်ကုန်းလမ်းပေါ်ရှိ တူးရိုးတံတား(ဒုတိယပိုင်း)တည်ဆောက်ခြင်းကို တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု

**လေးမျက်နှာ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခတ္တူ-ဘိသလွန်-ကရင်တော-ကတက်ကုန်းလမ်းပေါ်ရှိ တူးရိုးတံတား(ဒုတိယပိုင်း)တည်ဆောက်ခြင်းကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကျေးလက်လမ်းဦးစီးဌာန တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ်သန်း ၂၀၀ ဒသမ ၀၀၀ ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ခတ္တူ-ဘိသလွန်-ကရင်တော-ကတက်ကုန်းလမ်းပေါ်ရှိ တူးရိုးတံတား (၈၀x၂၀) ပေ (ဒုတိယပိုင်း) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ခရိုင်



ကျေးလက်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်း နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။ (လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**


### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ် ၂၀+၂၁၊ ၁၁၁x၁၁၂ ကြား၊ ၅၁x၅၂ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၁၅၇၀/၁၉၉၁-၁၉၉၂)အရ ဦးဘခင် DI-၀၃၆၉၇၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးကျော်ဝင်း ၉/ပသက(နိုင်)၀၂၇၇၂၇မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၂၊ ဦးပိုင်အမှတ် ၅၂၊ ၅၈x၅၉ကြား၊ ၁၀၂x ၁၀၃လမ်းကြားရှိ ဒေါ်သန်းသန်းစိန်အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အိအိလွင်က တရားပြိုင်ဒေါ်သန်းသန်းစိန်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော် တရားမကြီးမှုအမှတ်(၆၉/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်အိအိလွင် ၉/မမန(နိုင်)၀၀၅၆၄၆က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၆၊ ဦးပိုင်အမှတ် ၅၁-ခ/၅၄x၅၅ ကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်လှညီမ်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၅၂၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကောင်းမြတ် ၈/ဆပဝ(နိုင်)၀၉၄၀၂၆က ငွေသွင်းပြေစာမူရင်းမှာ ပျောက်ဆုံးသွားကြောင်း ရဲစခန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်းသက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/55711, Shayan -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေရီ ၉/မတရ(နိုင်)၁၉၁၇၁၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/22545, Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထူးအောင် ၉/မတရ(နိုင်)၂၀၂၆၃၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၂) Grade-(12) B မှ (ဘ) ဦးကျော်မိုး (၇/ကတခ(နိုင်)၁၂၅၁၀၁) ၏ သမီးအမည်မှန်မှာ မယဉ်ယဉ်လှိုင် ဖြစ်ပါကြောင်း။

မယဉ်ယဉ်လှိုင်

### သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ ခနသိဒ္ဓိ(၂)လမ်း၊ မြေကွက်အမှတ်(၂၅၄/က)၊ အကျယ်အဝန်း(၂၀X၆၀)ပေရှိ မောင်မောင်လတ် (TGKN-၀၁၈၈၉၅)အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဒေါ်သူဇာချော(ဘ)ဦးလှဝင်းဦး(၉/မထလ(နိုင်)၂၃၇၇၈၁)မှယနေ့အချိန်ထိ မိမိမှသာလျှင်လက်ဝယ် လက်ရှိပိုင်ဆိုင်၍၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု ပြောကြားလာသဖြင့် ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**PH: 09-783535003**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၁)၊ ပဲခူးလမ်း၊ မြေကွက်အမှတ် (၁၃၄/က)၊ အကျယ်အဝန်း (၂၀X၆၀)ပေရှိ မောင်ထိန်လင်း (ISN - ၅၉၆၄၁၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်များအားလုံးကိုဒေါ်ချိုချို(ဘ) ဦးအေးမောင် (၉/မထလ(နိုင်) ၁၅၆၂၅၂)မှ ယနေ့ အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍၊ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေး (ဘ) ဦးအာသာဘချစ် (၁၃/လရန(နိုင်)၀၀၂၄၇၂)မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါကစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍(၇ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**PH: 09-783535003**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၇-၂၀၂၅ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၃၁)တွင် ပါရှိသည့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်တွင် အင်းစိန်မြို့နယ်၊ မြို့သစ်(၈)ရပ်ကွက်၊ ကံ့ကော်(၁)လမ်း၊ အမှတ်(၂၂၈-ခ) အစား အမှတ်(၂၈၈-ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/4168 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/78466, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဆန်း ၅/ရဘန(နိုင်)၀၅၈၈၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၁၆)လမ်း၊ အိမ်အမှတ်(၁၅၇၃/ခ) ရှိ (၃၀x၆၀)ပေ ကျယ်ဝန်းသော မြေကွက်(၁)ကွက်နှင့် လျှပ်စစ်မီတာ(၁)လုံး အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးလွန်း ရွှေ၏ သား သမီးများဖြစ်သော ဦးမျိုးသန့်၊ ဒေါ်ခင်ဌေးဝင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း-၀၉-၇၉၁၈၄၉၀၀၈**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၁၁၁၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၁၆)ရှိ အကျယ်အဝန်း(အလျား ၂၀ပေ x အနံ ၄၇)ပေရှိသော မြေကွက်နှင့်ယင်းမြေကွက်တွင်ရှိသော အဆောက်အအုံအပါအဝင် မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့်အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်နော်ဘွေဝါးထူး ၁၂/အစန(နိုင်)၁၈၂၃၅၄ ၏ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေဇာထွန်း ၈/ငဖန(နိုင်)၀၂၄၅၉က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ယင်းအိမ်နှင့်မြေနှင့်စပ် လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင်(LL.B,D.I.P.L)အထက်တန်းရှေ့နေ(စဉ်-၅၅၂၀၃)**
**အမှတ်-၂၅၊ ရွှေဥဒေါင်းလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉- ၉၅၁၅၂၅၈၈၁၊ ၀၉-၆၈၈၁၃၁၁၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/95471, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးဂျေဖူးယော် ၉/အမဇ(နိုင်)၀၁၄၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/65870, New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/ဖနမ(နိုင်)၀၄၁၇၀၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/76707, LONXUAN 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသူစိုး ၇/ပမန(နိုင်)၁၁၉၉၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## အမည်မှန်

တနိုင်းမြို့၊ အထက-၁ ကျောင်း၊ Grade-10(C)ခန်း၊ ဘောဂတွဲမှ မထီနင်ဂျာ၏ အမည်မှန်မှာ မထီဆန်ဝမ်ဖေးရာ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကျောမြို့၊ အခြေခံပညာအထက်တန်း ကျောင်း-ကျောမူလတန်းပြ ဆရာမ ဒေါ်ခင်ဝင်းရီ ၈/ဂဂန(နိုင်)၀၂၂၄၆၇ ၏ ဖခင် ဦးကြီးလှိုင်(ခ) ဦးထွန်းလှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမင်းဇော်လတ်၏သမီး မုံရွာမြို့၊ အထက(ခွဲ) လှည်းတန်း Grade-11မှ မနှင်းရွှေစင်၏ အမည်မှန်မှာ မနှင်းရွှေဇင် ၅/ရဥန(နိုင်) ၁၃၄၄၆၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား(၁၁)ရပ်ကွက်နေ ဦးထွန်းနိုင်ဝင်း ၅/တမန(နိုင်) ၀၆၂၀၅၄၏သမီး မသီရိယမှုန်အား ယနေ့မှစ၍ မသီရိယမှုံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8482 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ပါသည်

